# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၀)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၁၂-၇-၂၀၂၄၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝင်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများ အပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး**

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများအပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုများ အပြန်အလှန်

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde က ၎င်း၏သံအမတ် ခန့်အပ်လွှာပေးအပ်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


အဏာပရိတ်ကိန်းများဖြင့် ကင်ဆာထိုးဆေးဖော်စပ်အောင်မြင် — စာမျက်နှာ ၇

ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပလက်ဖောင်းနှင့် ရေမြောင်းများပြုပြင်၊ လမ်းကာတုံးများ အသစ်လဲလှယ် — စာမျက်နှာ ၁၃

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ သောကြာနေ့။

မန္တလေး

# ထူးမြတ်လှသည့် ဝါဆိုလ

ဝါဆိုလသည် မြန်မာဆယ့်နှစ်လရာသီတွင် လေးလမြောက်လဖြစ်သည်။ မြန်မာလူမျိုးအနွယ်အဝင်အားလုံးသည် ဝါဆိုလကို ဗုဒ္ဓဘာသာရေးအရ ထူးမြတ်လှသောလဟု ဆိုကြသည်။ ဝါဆိုလဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်းမပြုမီက ဝါဆိုလကို "နယ်ကာလ"၊ "နွေတလ"ဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ နွေရာသီလွန်ပြီးသော အဆုံးဖြစ်သောလ၊ လယ်မြေတိုင်းလ၊ မြေတိုင်းလဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။ ဝါဆိုလသည် မြတ်စွာဘုရားရှင်၏ ဝိနည်းဒေသနာကို ကြည်ညိုခွင့်ရသောလ၊ မြန်မာလူမျိုးတို့၏ စိုက်ပျိုးရေးနှင့် သက်ဆိုင်သောလ၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သောလဟူ၍ ဆိုထိုက်သည်။ ဝါဆိုလသည် မိုးဦးကျကာလဖြစ်ခြင်းကြောင့် မိုးရည်နို့စက်ကို သောက်စို့ရသဖြင့် မိကျောင်းပန်းများပွင့်လန်းလာသည်။ "လဝါဆိုပြောင်း၊ မိ ကျောင်းဖွေးဖွေး၊ မိုးအေးအေး"ဟုပင် ဆိုရိုးရှိခဲ့သည်။ ပုန်းညက်မာလာတို့သည်လည်း ပွင့်အာ၍ လာကြသည်။ မြလေးရုံတောစပ်မှ မြတ်လေးပန်းတို့က တသင်းသင်းကြိုင်နေကြသည်။

မိုးဦးကျရာသီ မိုးဖြိုင်ဖြိုင်လေးရွာချချိန်ဖြစ်၍ "ဝါဆိုဝါခေါင်ရေဖောင်ဖောင်"ဟု ဆိုကြပြန်သည်။ ဝါဆိုလသည် မိုးသားတိမ်ရိပ်များ ပြည့်လျှက်ဟိုသည်လှည့်လည်ရွေ့လျားကာ မိုးရွာသွန်းသော အချိန်ကာလရာသီတစ်ခုလည်းဖြစ်သည်။

စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံအတွက် ဝါဆိုလသည် အနောက်တောင်မုတ်သုံလေများ ဝင်ရောက်တိုက်ခတ်ရာလဖြစ်နေသဖြင့် မြန်မာပြည်အနှံ့ မိုးဖြိုင်ဖြိုင်ရွာသွန်းနေတတ်သည်။

ဆန်စပါးကောက်ပဲသီးနှံများသာမက မြစ်ချောင်းများတွင် ရေများပြည့်လျှံပြီး ဆည်မြောင်း တာတမံများတွင်လည်း ရေပြည့်ဝလာကာ သီးနှံစိုက်ပျိုးရေး အများဆုံးဖွံ့ဖြိုးတိုးတက်သောကာလ စိုက်ပျိုးရေးလလည်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် မွေးမိခင်ကျေးဇူးရှင်၏ ကျေးဇူးတရားကို ပေးဆပ်နိုင်ရန် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူခဲ့သည်။ မယ်တော်သည် တာဝတိံသာ နတ်ပြည်၌ နတ်သားတစ်ပါးဖြစ်နေကြောင်း သိမြင်ခဲ့ရသည်။ မယ်တော်နတ်သားအား တရားဦးဟောကြားတော်မူရန် တာဝတိံသာနတ်ပြည်သို့ ကြွချီသောအခါသမယသည် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် မြန်မာလူမျိုးတို့အတွက် နေ့ထူးနေ့မြတ်များတွင် အပါအဝင်ဖြစ်သည်။

ဝါဆိုလတွင် မြန်မာလူမျိုးတို့သည် အလှူပွဲများကို နေရာအနှံ့အပြားတွင် ကျင်းပလေ့ရှိကြသည်။ ဘုန်းတော်ကြီးကျောင်းများကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ ရပ်ကွက်တိုင်းတွင်လည်း အလှူပွဲများကျင်းပပြီး ဘုန်းတော်ကြီးများကို ပင့်ဖိတ်ကာ တရားပွဲများ ဆင်ယင်းကျင်းပကြသည်။ ထို့အပြင် ဝါဆိုဝါကပ်တော်မူကြသော ဘုန်းတော်ကြီးကျောင်းများကို ပစ္စည်းလေးပါး လိုလေသေးမရှိအောင် လှူဒါန်းကြသည်မှာ မြန်မာတို့အတွက် ကုသိုလ်ရရှိသော လလည်းဖြစ်သည်။ ဝါတွင်းသုံးလပတ်လုံး ဝါဝင်သည်ဟူ၍ သတ်မှတ်ကာ လပြည့်လကွယ် ရှစ်ရက်ဥပုသ်စသည်ဖြင့် ဥပုသ်သီတင်း သီလများ ခံယူဆောက်တည်ကြသည်မှာ သီတင်းကျွတ်၊ တစ်နည်း ဝါကျွတ်သည်အထိ ဖြစ်သည်။

သို့ဖြစ်ရာ ထူးမြတ်လှသည့် ဝါဆိုလသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ ကိုယ်ကျင့်တရား၊ စာရိတ္တတရား၊ သီလတရားတို့ ခိုင်မြဲအောင်၊ ပြည့်စုံအောင် ဖြည့်ဆည်းပေးသောလဖြစ်သောကြောင့် ကောင်းမြတ်သောစိတ်နှလုံးထားများဖြင့် နေထိုင်ကျင့်ကြံရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



# အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်း နာယက မောင်လူလှ (ဓေယျာဦး)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမော်စန်း (မြောက်ပြင်တော်က ကိုရွှေမော်)က အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပေးပို့သည့် တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာကို မြို့နယ်စာရေးဆရာအသင်းအမှုဆောင် ဦးအောင်မင်းဦး(မန်းကိုကို)က ဖတ်ကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း၏ ရှေ့လုပ်ငန်းစဉ်များကို အသင်းအမှုဆောင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အသင်းသားများနှင့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် မြို့နယ် ပြန်/ဆက်ရုံးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးဆိပ်ကမ်းတွင် စိုးရိမ်ရေအမှတ်အထက် တစ်ပေခွဲခန့်တွင်ရှိရာမှ နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းနိုင်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၁ ရက်၊ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၃၀၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာအထက် ၄၈ စင်တီမီတာ(၁ပေခွဲကျော်)တွင် ရောက်ရှိနေရာမှ လာမည့် တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းနိုင်ကြောင်း မိုး/ဇလ ထုတ်ပြန်ချက်အရ သိရသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် စိုးရိမ်ရေအမှတ်အထက် ၄ ပေ ကျော်ခန့်ထိ ရောက်ရှိခဲ့ပြီးနောက် အဆိုပါမြစ်ရေများသည် အောက်ဘက်သို့ စီးဆင်းလာရာမှ မြစ်ဘေးတစ်လျှောက် ဆိပ်ကမ်းများတွင် စိုးရိမ်ရေအမှတ်များအထက်သို့ ကျော်လွန်ရောက်ရှိခဲ့ကြောင်း မိုး/ဇလညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မန္တလေးမြို့ အနီးဝန်းကျင် ဧရာဝတီမြစ်ရေ စစ်ကိုင်း၊ ညောင်ဦးမြို့တွေမှာ အဲ့ဒီမြို့ဆိပ်ကမ်းတွေရဲ့ စိုးရိမ်ရေအမှတ်အထက် ကျော်လွန်နေတယ်။ ပုံမှန်အားဖြင့် မေလလယ်ကစပြီး ဇွန်လဆန်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ တစ်လလောက် မုတ်သုံမိုးတွေ ပျံ့နှံ့စွာရွာသွန်းတယ်။ မိုးရွာသွန်းမှုကနေ မြစ်ဖျားပိုင်းမှာ မြစ်ရေကြီးတာ စတင်လာရာက ဧရာဝတီမြစ် အလယ်ပိုင်းနဲ့ အောက်ပိုင်းတွေမှာ မြစ်ရေတိုးလာတယ်"ဟု ၎င်းက ပြောသည်။



မန္တလေးဆိပ်ကမ်းတွင် ဇူလိုင် ၈ ရက်နေ့က မြစ်ရေအမှတ် ၁၂၄၆ စင်တီမီတာမှ ဇူလိုင် ၉ ရက်နေ့တွင် မြစ်ရေအမှတ် ၁၂၈၄ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာကို ကျော်လွန်ရောက်ရှိလာခဲ့ကြောင်း၊ ဇူလိုင် ၁၀ ရက်တွင် ၁၃၀၄ စင်တီမီတာ၊ ဇူလိုင် ၁၁ ရက်၊ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ၁၃၀၈ စင်တီမီတာဖြစ်ရာ စိုးရိမ်ရေအမှတ်အထက် တစ်ပေခွဲခန့်တွင် ရှိကြောင်း သိရသည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ဆိပ်ကမ်းတစ်လျှောက်မှာ သဲအိတ်တွေချထားပြီး အရေးပေါ်ကူညီနိုင်ဖို့ အစုအဖွဲ့ဖွဲ့ပြီး အသင့်အနေအထားမှာရှိတယ်။ မြို့နယ်အလိုက် မီးသတ်တပ်ဖွဲ့ဝင်တွေကလည်း မြစ်ရေအခြေအနေကို ရေကင်း ၅ ခုမှာ ၂၄ နာရီ စောင့်ကြည့်နေပါတယ်။ တိုင်းအတွင်းမှာ ဖွဲ့စည်းထားတဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နဲ့ ပစ္စည်းကိရိယာများနဲ့အတူ အသင့်ပြင်ဆင်ထားပါတယ်"ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၁ ရက်(ယနေ့)၁၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်ကိုင်းဆိပ်ကမ်းတွင် ၁၁၉၇ စင်တီမီတာ (စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာ)၊ ညောင်ဦးဆိပ်ကမ်းတွင် ၂၂၁၉ စင်တီမီတာ(စိုးရိမ်ရေအမှတ် ၂၁၂၀ စင်တီမီတာ)သို့ ရောက်ရှိနေရာ ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အထက် ရောက်ရှိနေကြောင်း မိုး/ဇလမြစ်ရေ တိုင်းထွာချက်များအရ သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံစဉ်။

✰ ရှေ့ဖုံးမှ

တိုးမြှင့် ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက် သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုအခြေအနေ များ၊ လွတ်လပ်ပြီး တရားမျှတ သည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေ များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတ နိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။



အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကို လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Daba Debele Hunde လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံ ဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Daba Debele Hunde သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးအတွက် MoU လက်မှတ်ရေးထိုး နိုင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန် ထုတ်လွှင့် နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်း နှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်



☆ စာမျက်နှာ ၂၄ မှ

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေးများ၏ အရေးပါမှုစသည့် လူဦးရေဆိုင်ရာ ပြဿနာရပ်များကို ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို အစွဲပြုပြီး ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**သန်းပေါင်းရှစ်ထောင်ကျော်ရှိ**

မြန်မာနိုင်ငံ အနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ကျင်းပသည့် အခမ်းအနားသည် (၃၅)ကြိမ်မြောက် အခမ်းအနားပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ယနေ့ကမ္ဘာ့လူဦးရေသည်သန်းပေါင်းရှစ်ထောင်

- ❖ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီသုံးသပ်ပြီး ကဏ္ဍအလိုက် ဦးစားပေးအဆင့်သတ်မှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည်
- ❖ ထိုသို့ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များရရှိရန် အထူးပင်လိုအပ်
- ❖ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်
- ❖ သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်မည်

ကျော်ရှိပြီဖြစ်ကြောင်း၊ ရှေးယခင်က ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာကျော်ကြာမြင့်ခဲ့သော်လည်း ယနေ့ကာလတွင် ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆင့်မြင့်နည်းပညာများနှင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာသည့်အပြင် လူဦးရေဆိုင်ရာ မွေးဖွားနှုန်း၊ သေဆုံးနှုန်းများ ပြောင်းလဲလာခြင်းကြောင့် လူဦးရေသန်းတစ်ထောင်တိုးရန် အချိန်သည် တဖြည်းဖြည်းတိုတောင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့် အမျှစားရေရိက္ခာမပြည့်စုံခြင်းများ၊ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ၊ ရာသီဥတုဖောက်ပြန်ခြင်းများ၊ ကူးစက်ကပ်ရောဂါပျံ့နှံ့ခြင်းများ၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး စသည့် သဘာဝဘေးအန္တရာယ်များကို လူသားတို့ယခင်ကထက် ပိုမိုရင်ဆိုင်ခံစားလာနေကြရကြောင်း၊ ထို့ပြင် တန်းတူညီမျှမှု မရှိခြင်းများ၊ ဆင်းရဲနွမ်းပါးမှုများပြားလာခြင်းများ စသည့်လူနေမှုအဆင့်အတန်းများကွဲပြားပြီး လူတန်းစားကွာဟမှုပြဿနာများနှင့်လည်း ရင်ဆိုင်လာကြရကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများတွင် အဆိုပါပြဿနာများ ပိုမိုဖြစ်ပွားလာသည်ကို မိမိတို့မျက်မြင်တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လူဦးရေဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွားနှုန်း သိသိသာသာ ကျဆင်းလာခြင်းကြောင့် ကလေးဦးရေနည်းပါးလာပြီး လုပ်သားအင်အား ရှားပါးခြင်းများ၊ သက်ကြီးရွယ်အိုများပြားလာခြင်းများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် မွေးဖွားနှုန်းမြင့်မားခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ ဆင်းရဲနွမ်းပါးသူများပြားခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေကြရကြောင်း။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမှုမရှိမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုမရှိခြင်းတို့ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals)ကို ချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း၊ အဆိုပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီက မိမိတို့နိုင်ငံအလိုက် ကြုံတွေ့နေရသည့် ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်းရန်၊ အချိန်မီကုစားရန် လိုအပ်မည်ဖြစ်ကြောင်း။

**ပံ့မှန်ကောက်ယူနေ**

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်ပြီးကဏ္ဍအလိုက်ဦးစားပေးအဆင့်သတ်မှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံ အချက်အလက်များ ရရှိရန် အထူးပင်လိုအပ်ကြောင်း၊ ထို့ကြောင့်နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အဆိုပါ အချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူနေကြခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂကလည်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် ကိုးကားဆောင်ရွက်ရန် နိယာမများနှင့် အကြံပြုချက်များ (Principles and Recommendations)များကိုလည်း ထုတ်ပြန်ပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အသေးငယ်ဆုံး အုပ်ချုပ်မှု နယ်မြေအဆင့်အထိ နယ်မြေဒေသအလိုက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများကသာ ရရှိနိုင်မည်ဖြစ်သည့်အတွက် လူဦးရေသန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီ ကောက်ယူတော့မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အကြောင်းကို အနည်းငယ်ပြောကြားလိုကြောင်း၊ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာ တစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံး အဆင့်ထိ အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့် မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း စသည်များကို ထိထိရောက်ရောက် စီမံခန့်ခွဲရန် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှု သမိုင်းကြောင်းကို ပြန်လည် လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ် တို့တွင် ၁၀ နှစ်ခြားတစ်ကြိမ်စီဖြင့် ရှစ်ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရပါကြောင်း၊ အဆိုပါ သန်းခေါင်စာရင်း အချက်အလက်တချို့ကို ယနေ့အထိ ကိုးကား အသုံးပြုနေရဆဲဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီး နောက်ပိုင်းတွင် နိုင်ငံတော်အတွက် လိုအပ်နေသည့် စာရင်းအင်းဆိုင်ရာ အချက်အလက် အတော်များများကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲသည့်နေရာတွင် အသုံးပြုခဲ့ပြီး နှစ်စဉ် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းကိုလည်း အနီးစပ်ဆုံး ခန့်မှန်းတွက်ချက် ထုတ်ပြန်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း မကောက်ယူမီ အချိန်တွင် ကြားကာလ ပြောင်းလဲလာသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို သိရှိရန်၊ နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူထုတ်ပြန်ပေးခဲ့ရာ ယခုအချိန်အထိ အသုံးဝင်နေဆဲဖြစ်ကြောင်း။

**စီစဉ်ဆောင်ရွက်နေ**

ကမ္ဘာ့နိုင်ငံ အများစုတွင် သန်းခေါင်စာရင်းကို ၁၀ နှစ် တစ်ကြိမ် ကောက်ယူလေ့ရှိခြင်းကြောင့်လည်းကောင်း၊ နှစ်စဉ် ထုတ်ပြန်သည့် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းများ ခိုင်မာမှုရှိစေရန်အတွက် လည်းကောင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် သုတေသနလုပ်ငန်းများအတွက် မှန်ကန်သည့် အခြေခံအချက်အလက်များ ရရှိစေရန်လည်းကောင်း ရည်ရွယ်ပြီး မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ်အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများ ချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»

»»» စာမျက်နှာ ၄ မှ

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်းမှန်ကန်စေရေးကိုလည်း အထောက်အကူ ဖြစ်စေမည် ဖြစ်ကြောင်း။

ကြုံတွေ့ခံစားနေကြရ

ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို "ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" "Helping vulnerable populations in emergencies"ဟု သတ်မှတ်ထားကြောင်း၊ အဆိုပါဆောင်ပုဒ်ချမှတ်ရခြင်းသည် ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာရှားပါးမှုများ စသည့်ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးကြောင့် အရေးပေါ်အခြေအနေများကို လူသားများ ကြုံတွေ့ခံစားနေကြရကြောင်း။

အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများက ပိုမို ထိခိုက် ခံစားကြရကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များ၊ ပဋိပက္ခများဖြစ်ပေါ်ချိန်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ခုခံနိုင်စွမ်းနည်းသည့်အပြင် သူတို့၏ သီးသန့် လိုအပ်ချက်များသည်လည်း လျစ်လျူရှုခြင်းခံရလေ့ရှိကြောင်း၊ သူတို့၏ ဘဝလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် ကျန်းမာရေးများကို ဆောင်ရွက်ပေးခြင်းသည် မိသားစုနှင့် လူမှုအသိုင်းအဝိုင်း၏ ကောင်းကျိုးကို ဖြည့်ဆည်းပေးခြင်းလည်း ဖြစ်ကြောင်း။

နိုင်ငံတကာသတင်း အချက်အလက်များအရ ဘေးဥပဒ်ကျရောက် နေသူများထဲတွင် လူငယ်များစွာ ပါဝင်နေသည်ဟု သိရကြောင်း၊ နိုင်ငံတချို့တွင် ဘေးဥပဒ် ကျရောက်နေသူများ၏ သုံးပုံနှစ်ပုံခန့်သည် အသက် ၂၅ နှစ်အောက် လူငယ်များဖြစ်ကြောင်း၊ ကမ္ဘာ့တစ်ဝန်း ကျောင်းမနေသည့် လူငယ်တစ်ဝက်ခန့်တွင် ပဋိပက္ခဖြစ်နေသည့်နိုင်ငံများ၊ ပဋိပက္ခကြုံတွေ့ခဲ့ရသည့် နိုင်ငံများက ဖြစ်နေသည်ကို တွေ့ရပါကြောင်း။

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်၊ နိုင်ငံ၏အင်အားများ ဖြစ်ခြင်းကြောင့် ကလေးများ၊ အမျိုးသမီးငယ်များ ကျောင်းပညာသင်ကြားခွင့်မရခဲ့ပါက သို့မဟုတ် သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ပါက ၎င်းတို့တစ်ဦးချင်းအတွက် သာမက ၎င်းတို့ ပတ်ဝန်းကျင်နှင့် နိုင်ငံ၏ အနာဂတ်သည်လည်း အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိခိုက်လွယ်သူများကို အားလုံးက ကူညီဖေးမ စောင့်ရှောက်ပေးရန် လိုအပ်သကဲ့သို့ ဒေသန္တရအစိုးရအဖွဲ့အစည်းများကလည်း အရေးပေါ်စီမံခန့်ခွဲမှု အစီအမံများ ပြင်ဆင်ထားရန်လိုအပ်ကြောင်း။

ထို့ကြောင့် အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံး အခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်ကြောင်း၊ ယခုလို လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

ပူးပေါင်းပါဝင်

ယနေ့ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ မှတ်တိုင်တစ်ခုဖြစ်လာမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူအားလုံး ပါဝင်လို့၊ သန်းခေါင်စာရင်း ကောက်ကြစို့" "A nation-wide census, let us all participate"** ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဗီဒီယိုကလစ်ကိုပြသ

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် "ထိခိုက်လွယ်သူဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ" ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

- ✳ **အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံးအခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်**
- ✳ **ယခုလို လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန်လိုအပ်**



## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်

**မန္တလေး ဇူလိုင် ၁၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ကျင်းပပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားများ တက်ရောက်ကြသည်။

ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စဉ်များတွင် တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့အား တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၅ ရက်နေ့မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၃၈)

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွက်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၃၈)

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ ကျောင်းများတွင် တက်ရောက် သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင် ထောက်ပံ့ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန် စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်း များ၏သားသမီးများအား ဂုဏ်ပြု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ဘာသာစုံဂုဏ်ထူးရှင်များ၊ မိဘများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီး များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီး အကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဝန်ထမ်းများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင် ရွက်လျက်ရှိရာတွင် အနာဂတ် ပညာရေး တိုးတက်ကောင်းမွန် စေရန် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူ တိုင်း လက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင် အထည်ဖော်ဆောင်ရေး”** ဟူသည့် လူမှုရေးဦးတည်ချက် ပါဝင် ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရည် အချင်းရှိသော ပညာတတ်များစွာ ပေါ်ထွန်းလာရေး အားပေး မြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ဝန်ထမ်း သားသမီးများထဲမှ ဘာသာစုံ ဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၂၇ ဦးတို့ကို **“ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း”** ဟူသည့် မင်္ဂလာ တရားတော်နှင့်အညီ ဆုချီးမြှင့် ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် **“ယနေ့ လူငယ် နောင်ဝယ်လူကြီး”** ဆိုရိုး စကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများ ဖြစ်လာ စေရေး၊ ဘက်စုံထူးချွန်သူများ ဖြစ်လာစေရေး အစဉ်ကြိုးပမ်း သွားကြရန်၊ အဆင့်အတန်းမြင့်မား သည့် ပညာရပ်များကို ကြိုးစား သင်ယူပြီး မိမိအကျိုး၊ မိသားစု အကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုး နိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာကြစေရေး ကြိုးပမ်းကြရန် တိုက်တွန်း ပါကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နှင့်ဇနီး ၂၀၂၃-၂၀၂၄ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဝန်ထမ်းသားသမီးများထဲမှ ငါးဘာသာဂုဏ်ထူးရှင်များ၊ မိဘ များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နှင့်ဇနီး ၂၀၂၃-၂၀၂၄ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဝန်ထမ်းသားသမီးများထဲမှ လေးဘာသာ ဂုဏ်ထူးရှင်များ၊ မိဘများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## ဆုများ ချီးမြှင့်ပေးအပ်

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာ ကျောင်းများတွင် ပညာ သင်ကြားနေကြသည့် ဝန်ထမ်းများ၏ သားသမီးများ အတွက် ကျောင်းသုံးစာရေး ကိရိယာများ၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပညာသင် ထောက်ပံ့ကြေး ပေးအပ်ခြင်း အတွက် ဝန်ထမ်းတစ်ဦးက လည်း ကောင်း၊ ထူးချွန်စွာအောင်မြင် ခဲ့ကြသည့် ကျောင်းသား ကျောင်း သူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက လည်း ကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ဆုရရှိ သူ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ အခမ်းအနားတွင် အခြေခံပညာ အဆင့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၁၆၁၇၇ ဦးအတွက် ကျောင်းသုံးစာရေး ကိရိယာနှင့် ဗလာစာအုပ်များ၊ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၂၇ ဦးအား ဂုဏ်ပြုလွှာနှင့် ဆုငွေများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ အခမဲ့နယ်လှည့်ဆေးကုသခြင်း ဆောင်ရွက်

**ရေနံချောင်း ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး၊ မင်း ဘူးမြို့နယ် ကုသရေးဦးစီးဌာန၏ နယ်လှည့် ဆေးကုသမှုအစီအစဉ် ဖြင့် မင်းဘူးမြို့၊ ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာအေးမြဝင်း ဦးဆောင်သော အထူးကုဆရာဝန် ကြီးများ၊ လက်ထောက်ဆရာဝန် များ၊ ဆေးဘက်ကျွမ်းကျင်များ၊ သူနာပြုများပါဝင်သောအဖွဲ့မှ ရေနံချောင်းမြို့နယ်ပြည်သူ့ဆေးရုံ ကြီး၌ ဇူလိုင် ၁၀ ရက်တွင် မြို့နယ်အတွင်းရှိ လူနာများအား အခမဲ့ကုသပေးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန က သိရသည်။

အထူးကုဆရာဝန်ကြီးများ အဖွဲ့က ရေနံချောင်းမြို့နယ်အတွင်း ရှိ ဖျားနာလူနာ (၇၂)ဦး၊ ခွဲစိတ် လူနာ(၂၃)ဦး၊ သားဖွားမီးယပ် လူနာ (OG) ၂၉ ဦး၊ ကလေး လူနာ (၅)ဦး၊ မျက်စိလူနာ(၁၁၂) ဦး၊ ဓာတ်မှန်(၁၁)ဦး၊ နား၊ နှာ ခေါင်း၊ လည်ချောင်း(၃၄)ဦး၊ အာ ဒရာဆောင်းလူနာ(၅၀)ဦး၊ စုစု ပေါင်း(၃၉၆)ဦး တို့အား ကုသပေး ခဲ့ကြောင်း မြို့နယ်ကုသရေးဦးစီး ဌာနက သိရသည်။

အဆိုပါကွင်းဆင်းဆေးကုသ ပေးရာသို့ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက လှည့်လည်ကြည့်ရှုအားပေးကာ ရေနံချောင်းမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာကျော် ကျော်လင်းနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်ဆရာဝန် အသင်း၊ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတ အဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

(၄၇၂)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo ကို LOEWE က Cosmopolitan Magazine မျက်နှာဖုံးရှင်အဖြစ် ဖော်ပြထား



စပိန်ကုန်အမှတ်တံဆိပ်တစ်ခုဖြစ်သည့် LOEWE သည် Spanish Luxury Fashion House တစ်ခုဖြစ်ပြီး သားရေနှင့်ပြုလုပ်သောပစ္စည်း၊ အဝတ်အထည်အပြင် ရေမွှေးနှင့် အဝတ်အစားများရောင်းသည့် ဖိမ်ခံဖက်ရှင်ဘရန်းတစ်ခုဖြစ်ပြီး ဝမ်ရိဘိုကို Cosmopolitan မဂ္ဂဇင်း မျက်နှာဖုံးရှင်အဖြစ် ဖော်ပြထားသည်။

အဆိုပါကုမ္ပဏီကို ၁၈၄၆ ခုနှစ်တွင် တည်ထောင်၍ Moet Hennessy နှင့် Louis Vuitton တို့ပေါင်းစည်းထားသည့် Luxury ကုန်ပစ္စည်းကုမ္ပဏီဖြစ်ကာ စပိန်ဘုရင်မ အားပေးထားပြီး တော်ဝင်မိသားစုလက်စွဲဖြစ်ခဲ့ကာ သူ့လက်အောက်တွင် Tiffany, Dior, Fendi နှင့် Givenchy တို့ ရှိခဲ့သည်။

ယင်းကုမ္ပဏီက Channel နှင့် ပြိုင်ဖက်ဖြစ်ခဲ့ကာ ဝမ်ရိဘိုကိုရရှိရန် အစွမ်းကုန်ကြိုးစားခဲ့ပြီး Cosmopolitan Magazie မျက်နှာဖုံးရှင်အဖြစ် ၂၀၁၉၊ ၂၀၂၀ ခုနှစ်တွင် ဖော်ပြခဲ့ပြီး LOEWE က ဝမ်ရိဘိုနှင့် ၂၀၂၄ ခုနှစ် မတ်လတွင် သဘောတူညီမှုရခဲ့ကာ ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ် ချုပ်နိုင်ခဲ့သည်။ (SKY)

******

## Xiao Zhan နှင့် MLLOW ကုန်အမှတ်တံဆိပ် လက်တွဲခွင့်ရရှိ



တရုတ်အနုပညာရှင် ရှောင်းကျန့်နှင့် သူ့အဖွဲ့များက ကုန်အမှတ်တံဆိပ် ရွေးချယ်သည့်နေရာတွင် စည်းကမ်းတင်းကျပ်ပြီး အရည်အသွေးနှင့်ပတ်သက်၍ သေချာစိစစ်ရွေးချယ်လေ့ရှိရာမှ MLLOW ဘရန်းနှင့် လက်တွဲခွင့်ရခဲ့၍ ဥက္ကဋ္ဌက ဝမ်းသာစကားပြောကြားထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကုန်အမှတ်တံဆိပ် ဥက္ကဋ္ဌက ယခင်သုံးနှစ် ၂၀၂၁ ခုနှစ်တွင် ရှောင်းကျန့်နှင့် လက်တွဲရန် ကမ်းလှမ်းခဲ့သော်လည်း အရည်အသွေးမပြည့်မီသေး၍ မအောင်မြင်ခဲ့ကြောင်း၊ ယခု သူတို့၏ ကြိုးစားအားထုတ်မှုကြောင့် ရှောင်းကျန့်နှင့် လက်တွဲခွင့်ရခဲ့ကြောင်း၊ MLLOW က ရှောင်းကျန့်ကို သံတမန်အဖြစ် ကြေညာပြီး သုံးရက်အတွင်း ရောင်းအား ယွမ်သန်း ၂၀၀ ရရှိခဲ့သည်ဟု ဝမ်းသာစကား ပြောကြားထားသည်။

ရှောင်းကျန့်၏ ဒရမ်မာဇာတ်ကား ကြိုက်သူများရှိသကဲ့သို့ ရှောင်းကျန့်ကြော်ငြာသည့် ဘရန်းကို စိတ်ချ၍ ဝယ်သူများလည်းရှိကာ အသစ်ကြော်ငြာတိုင်း လုဝယ်ရသည်ကို ပျော်စရာကောင်းသည့် အုပ်စုလည်း ရှိခဲ့သည်။ (SKY)

## Babymonster အဖွဲ့ Digital Single နှင့် ပြန်ရောက်လာ



ဝိုင်ဂျီအင်တာတိန်းမင့်၏ နောက်ဆုံးထုတ် အမျိုးသမီးကေပေါ့ပ်အဖွဲ့ ဘေဘီမွန်းစတားသည် ဂီတသစ်ကို Digital Single နှင့် ပြင်ဆင်ထားပြီး ပြန်လည်ရောက်ရှိလာသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဇွန်လလယ်က ဘေဘီမွန်းစတားအဖွဲ့၏ ပုံရိပ်များကို နမူနာထုတ်ပြရာ Digital Single သီချင်းတစ်ပုဒ် Forever ဟု အမည်ပေးထားပြီး ထုတ်ဝေသွားမည်ဖြစ်သည်ဟု ကြေညာခဲ့သည်။

အမျိုးသမီးချော ခုနစ်ဦးနှင့် ဖွဲ့စည်းထားသည့် ဘေဘီမွန်းစတားအဖွဲ့မှာ ကေပေါ့ပ်လောကမှ အချိန်ကြာမြင့်စွာ ပျောက်ကွယ်နေရာမှ Forever သီချင်းနှင့် Digital Single သီချင်းကို ထုတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသီချင်းကို ဇူလိုင်လ ၁ ရက်တွင် ထုတ်ဝေခဲ့ပြီးဖြစ်သည်။(SKY)

## Song Hye Kyo နှင့် Cha EunWoo ကို ဇာတ်ကားရိုက်ရန် ပရိသတ်တောင်းဆိုထား

ဆောင်းဟေကိုနှင့် ချာအန်ဝူးတို့ အီတလီနိုင်ငံရှိ Chaumet Gala Dinner ပွဲအခမ်းအနားတွင် ပရိသတ်အာရုံစိုက်မှု ရရှိခဲ့ပြီး ဇာတ်ကားအတူ တွဲရိုက်ရန် တောင်းဆိုထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဆောင်းဟေကိုနှင့် ချာအန်ဝူးကို လှပသည့်ညနေခင်းတွင် အနုပညာကြယ်ပွင့် နှစ်ဦး တောက်ပ၍ စွဲမက်ဖွယ်အသွင်အပြင်ကြောင့် ကမ္ဘာ့ပရိသတ် အာရုံစိုက်ခံရကာ ဇာတ်ကားအတူရိုက်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယင်းပွဲတော်ကို နာမည်ကြီးလက်ဝတ်ရတနာအမှတ်တံဆိပ် Chaumet က ကျင်းပခဲ့ပြီး ဆောင်းဟေကိုနှင့် ချာအန်ဝူးတို့ တွဲရိုက်ထားသောဓာတ်ပုံမှာ လိုက်ဖက်ညီမှုရှိပြီး တော်ဝင်ဆန်သော အလှတရားနှင့်တွေ့ရ၍ ပရိသတ်များက နှစ်ဦးသား အတူရှိနေသည်မှာ ပြီးပြည့်စုံမှုရှိကာ စိတ်ကူးယဉ်အချစ်ဇာတ်လမ်း ရိုက်ပေးပါဟု တောင်းဆိုထားသော မှတ်ချက်များစွာ ပေးထားကြသည်။ (SKY)





## အဏုပရိုတိန်းများဖြင့် ကင်ဆာထိုးဆေးဖော်စပ်အောင်မြင်



စပိန်နိုင်ငံ နာဗာရာဒေသရှိ ဆီမာတက္ကသိုလ်နှင့် ပွမ်ပျူဖာဘာရာ တက္ကသိုလ်မှ သုတေသီများနှင့် မားသုတေသနအဖွဲ့အစည်းဆေးရုံမှ ပညာရှင်များ ပူးပေါင်းကာ ကင်ဆာတိုက်ဖျက်ရေး ထိုးဆေးတစ်မျိုးကို မကြာသေးမီက ဖော်စပ်ပြီး လက်တွေ့စမ်းသပ်ကြည့်ခဲ့သည်။

ထိုသို့စမ်းသပ်ကြည့်ရာမှ ထွက်ပေါ်လာသော ရလဒ်ကောင်းများနှင့်ပတ်သက်၍ ဇူလိုင် ၁၀ ရက်ထုတ် သိပ္ပံတိုးတက်မှုများဂျာနယ်တွင် အသေးစိတ် စာတမ်းရေးသားထားသည်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်က ဒီဇီဇရုပ်အုပ်စုကို အာရုံစိုက်မှု တိုးမြင့်လာကြတယ်။ ဒီဇီဇရုပ်တွေထဲက တချို့ဟာ ပရိုတိန်းငယ်လေးတွေကို နည်းပညာသစ်တွေက ဖော်ထုတ်ပေးလိုက်တဲ့ သဘောဖြစ်ပါတယ်ဟု မားသုတေသနအဖွဲ့အစည်းဆေးရုံမှ သုတေသီ မားအယ်လ်ဘာက ရှင်းလင်းပြောပြသည်။

၎င်းတို့ဖော်စပ်နိုင်ခဲ့သော အဏုပရိုတိန်းထိုးဆေးသည် ကင်ဆာအကြိတ်တွေပွါးလာခြင်းကို ရပ်တန့်စေနိုင်သည်ဟု ဆီမာတက္ကသိုလ်မှ သုတေသီ ပူရီဖော်တက်စ်ကလည်း အတည်ပြုခဲ့ကြောင်း သိရသည်။ (SCI)

## Tang Wei ပါဝင်သည့် Wonderland ရုပ်ရှင် ပရိသတ်ဝေဖန်ထားကြ

တရုတ်မင်းသမီး တန်ဝိန် ပါဝင်ထားသည့် ကိုရီးယားရုပ်ရှင် Wonderland တွင် နာမည်ကြီး သရုပ်ဆောင်များစွာ ပါဝင်ထားပြီး ရုံတင်ပြသခဲ့ရာမှ ပရိသတ်ဝေဖန်သံများ ပေါ်ထွက်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် တန်ဝိန်၊ ဘေးဆူဇီ၊ ပတ်ဘိုဂန်း၊ ကျောင်ယူမီ၊ ဝူဆစ်နှင့် အထူးသရုပ်ဆောင် ဂေါင်ယိုတို့ပါဝင်ထားကြကာ တန်ဝိန်၏ခင်ပွန်း ဒါရိုက်တာ ကင်တေယောင်း ရိုက်ကူးထားသည်။



ဇာတ်လမ်းနှင့် ဇာတ်အိမ်ကို အားမရကြသူများက တန်ဝိန် ခေါင်းဆောင်၍ အခန်းများစွာ ပါဝင်မှုကို မနှစ်သက်ခဲ့ကြခြင်းဖြစ်သည့်အတွက် ဝေဖန်ထားကြသည်။ ယင်းရုပ်ရှင်တွင် ကွဲကွာနေသည့်လူများ၊ သေဆုံးပြီးသူများနှင့် ဆက်သွယ်၍ ရနိုင်သည့် AI နည်းပညာသုံး Video call ဝန်ဆောင်မှုအကြောင်း စိတ်ကူးယဉ်ရိုက်ကူးထားခြင်းဖြစ်ကာ Rating 6.57 ထိ ကျဆင်းသွားခဲ့သည်။ (SKY)

## EXO မှ Suho က ပရိသတ်ကို တောင်းပန်စကားပြောကြား

အိပ်ဇိုအဖွဲ့ခေါင်းဆောင် ဆူဟိုသည် လက်ရှိ သင်တန်းတက်ရောက်နေပြီး EXO-CBX (Chen, Baekhyun နှင့် Xumin) တို့ကြား ပြဿနာများကို ကြားသိခဲ့ရ၍ အားလုံးကိုယ်စား တောင်းပန်စကားပြောကြားသွားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်မှာ အိပ်ဇိုအဖွဲ့ဝင်သုံးဦးဖြစ်သည့် ချန်၊ ဘိတ်ဟွမ်နှင့် ဆူမင်တို့က INB 100 အေဂျင်စီထူထောင်ကာ အက်စ်အမ်အင်တာတိန်းမင့်နှင့် ပြဿနာဖြစ်ခဲ့ကြခြင်းဖြစ်ပြီး အက်စ်အမ်က သူတို့အပေါ် တရားမျှတမှုမရှိဟု သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အက်စ်အမ်ကလည်း EXO-CBX ၏ တစ်ကိုယ်တော်လှုပ်ရှားမှုများရရှိသည့် ငွေကြေးကို ၁၀ ရာခိုင်နှုန်းယူခြင်းသည် တရားမျှတသည်ဟု ထုတ်ပြန်ထားခြင်းဖြစ်၍ ဆူဟိုမှာ ကြားရသော သတင်းအတွက် ပရိသတ်များကို တောင်းပန်စကားပြောကြားထားသည်။

အိပ်ဇိုအဖွဲ့မှာ ဆောင်းရာသီအတွက် အယ်လ်ဘမ်သစ်ပြင်ဆင်နေကာ ဆူဟိုနှင့် ကိုင်လည်း မကြာမီ သင်တန်းပြီးတော့မည်ဖြစ်ကာ အိပ်ဇိုမှာ ပရိသတ်ကို ဂီတနှင့် ကျေးဇူးဆပ်ရန်မှတစ်ပါး အခြားမရှိဟု ဆိုသည်။ (SKY)



## သမ္မတရွေးကောက်ပွဲ ဆက်လက်ပါဝင်ရေး ဆုံးဖြတ်ရန် ဂျိုးဘိုင်ဒင်၌သာ တာဝန်ရှိသည်ဟု နန်စီပေလိုဆီပြောကြား



**ဝါရှင်တန် ဇူလိုင် ၁၁**

လက်ရှိသမ္မတရွေးကောက်ပွဲတွင် ဆက်လက်ပါဝင်ရေး၊ မပါဝင်ရေးကိစ္စ ဆုံးဖြတ်ရန် ကာယကံရှင်ဖြစ်သူ ဂျိုးဘိုင်ဒင်၌သာ တာဝန်ရှိသည်ဟု အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပေလိုဆီ ဇူလိုင် ၁၀ ရက်က ပြောကြားလိုက်ကြောင်း အမ်အက်စ်အင်န်ဘီစီသတင်း ဌာနက ဖော်ပြသည်။

အဆိုပါ သတင်းဌာနနှင့် တွေ့ဆုံခန်းအစီအစဉ်တွင် ၎င်းက ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း ဒီမိုကရက်တစ်ပါတီ အမာခံအင်အားစုဝင်များကပင်လျှင် ဂျိုးဘိုင်ဒင်၏ သတိလက်လွတ်ဖြစ်မှုကို ထောက်ပြကာ နုတ်ထွက်သင့်သည်ဟု တိုက်တွန်းနေကြောင်း သိရသည်။

**Mon**

0-0-0-0-0






ပရင့်ထုတ်နိုင်သော ဆိုလာဆဲလ်တီထွင်နိုင်သဖြင့် ဥရောပတီထွင်ပညာရှင်ဆုချီးမြှင့်ခံရသည့် ဆောလ်နည်းပညာအုပ်စု၏ ဦးဆောင်သူ ပိုလန်သိပ္ပံပညာရှင် အော်လဂါမာလင်ကီးဝစ်ချ်ကို တွေ့ရစဉ်။ **Mon**

## စားဆီများကို ရေနံတင်သင်္ဘောဖြင့်တင်ဆောင်ခြင်းကိစ္စ တရုတ်အစိုးရအာဏာပိုင်များ စုံစမ်းစစ်ဆေးသွားမည်

**ပေကျင်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံတွင် စားဆီများကို ရေနံတင်သင်္ဘောဖြင့် တင်ဆောင်ခြင်း ကိစ္စပေါက်ကြားသွားရာမှ ဝေ့ပိုလူမှုကွန်ရက်တွင် လူပေါင်းသန်းနှင့်ချီကာ ပြစ်တင်ဝေဖန်လျက်ရှိကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

အစိုးရပိုင်ကုန်ပစ္စည်းပို့ဆောင်ရေးကုမ္ပဏီနှစ်ခုဖြစ်သည့် စီနိုဂရိန်းနှင့် ဟုတ်ဖူးလ်ဂရိန်း တို့တွင် တာဝန်ရှိကြောင်း ထိုလူမှုကွန်ရက်တွင် ထောက်ပြထားကြရာ တရုတ်အစိုးရအာဏာပိုင်များက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းစာနှင့်ရုပ်မြင်သံကြားဌာနအသီးသီးမှတစ်ဆင့် တုံ့ပြန်ခဲ့သည်။

တရုတ်နိုင်ငံတွင် ကုန်တင်သင်္ဘောပေါ်တွင် မည်သည့် ကုန်ပစ္စည်းကိုမဆို တင်ဆောင်နိုင်သည်ဟု ခွင့်ပြုထားသည်။

ရေနံတင်ပြီးနောက် စားဆီမတင်ရဟု ကန့်သတ်ထားခြင်း မရှိသဖြင့် အများစားသုံးရန် ထိုစားဆီများကို တင်ဆောင်လာရာမှ ဘေးဥပါဒ်ဖြစ်စေနိုင်ကြောင်း ဝေ့ပိုလူမှုကွန်ရက်တွင် ဝေဖန်ထောက်ပြထားကြောင်း သိရသည်။ **Mon**





## နေ့စဉ်ကျန်းမာရေးအတွက် ဂလက်ဇီလက်စွပ်ကို ဆမ်ဆောင်းကုမ္ပဏီက စတင်မိတ်ဆက်ပြသ

**ဆိုးလ် ဇူလိုင် ၁၁**

တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းနည်းပညာကုမ္ပဏီက နေ့စဉ်ကျန်းမာရေးအတွက် ဂလက်ဇီလက်စွပ်ဟု ခေါ်ဆိုသော ထုတ်ကုန်သစ်ကို ဇူလိုင် ၁၀ ရက် က စတင်မိတ်ဆက်ပြသခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလက်စွပ်သည် စမတ်လက်စွပ်တစ်မျိုးဖြစ်ပြီး ဝတ်ဆင်ထားသူ၏ ကျန်းမာရေးအခြေအနေအရပ်ရပ်ကို အချိန်မလပ် မှတ်တမ်းတင်ထားပေးမည်ဟု ဆိုသည်။

အသွင်ဆန်းသော အဆိုပါ ဂလက်ဇီလက်စွပ်ကို ၂၀၂၅ ခုနှစ်တွင် အကွင်းရေ ၄ သန်းခန့် အထိထုတ်လုပ်ရန်ရည်မှန်းထားကြောင်းသိရသည်။ **Mon**

## ထိုင်းဝန်ကြီးချုပ်ကို ရာထူးမှပယ်ရှားစေလိုသောအမှု ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဇူလိုင် ၂၄ ၌ ကြားနာမည်



**ဘန်ကောက် ဇူလိုင် ၁၁**

လက်ရှိအာဏာရ ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်ကို ရာထူးမှဖယ်ရှားစေလိုသောအမှုနှင့်ပတ်သက်၍ ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက လာမည့် ဇူလိုင် ၂၄ ၌ ကြားနာမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာလမတိုင်မီ အဆိုပါအမှုကို စီရင်ဆုံးဖြတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ဇူလိုင်လဆန်းပိုင်းတွင် ထိုတရားရုံးက သတင်းထုတ်ပြန်ခဲ့သေးသည်။

တရားရုံးကို မထီမဲ့မြင်ပြုမှုဖြင့် အကျဉ်းကျခံခဲ့ရသည့် ရှေ့နေ ပီချစ်ချူအင်ဘန်ဆိုသူကို အရည်အချင်းမပြည့်မီဘဲ ဝန်ကြီးခန့်အပ်ခဲ့သဖြင့် ဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်ကိုရာထူးမှဖယ်ရှားရန် ထိုင်းတပ်မတော်က ခန့်အပ်ထားသော အထက်လွှတ်တော်အမတ် ၄၀ ဦး၏ လိုက်လျှောခွင့်ပြုချက်အရ မေလက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ပီချစ်နုတ်ထွက်ခဲ့ပြီးဖြစ်သဖြင့် မိမိတွင်အပြစ်မရှိဟု ဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်က ငြင်းချက်ထုတ်ထားသော်လည်း အကယ်၍ ၎င်းရာထူးမှဖယ်ရှားခံရလျှင် ဖူထိုင်းပါတီက ဝန်ကြီးချုပ်လောင်းတစ်ဦးကို ရွေးချယ်ကာ ပါလီမန်က မဲခွဲဆုံးဖြတ် တင်မြှောက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## အမေရိကန်ပြည်ထောင်စုအနောက်ပိုင်းတွင် လူပေါင်း ၁၆၁ သန်းကျော် အပူဒဏ်ခံနေရသည်ဟု ဆို

**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းတွင် အပူလှိုင်းဖြတ်ကာ လူ ၇ ဦးထက်မနည်း သေဆုံးခဲ့ရပြီးနောက် ယခုလူပေါင်း ၁၆၁ သန်းကျော် အပူဒဏ်ခံနေရဆဲဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

နေဗားဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့တွင် လေးရက်ဆက်တိုက် အပူချိန်မြင့်တက်ခဲ့ရာ ဇူလိုင် ၁၀ ရက်က ၄၆ ဒသမ ၁ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိခဲ့သည်။

ထိုမြို့တွင် ၂၀၂၁ ခုနှစ်က စံချိန်တင်ခဲ့သောအပူချိန် ၄၆ ဒသမ ၆ ဒီဂရီဆဲလ်ဆီးယပ်စ်ကို ဇူလိုင် ၇ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် အပူချိန် ၄၈ ဒသမ ၈ ဒီဂရီဆဲလ်ဆီးယပ်စ်က စံချိန်ချိုးခဲ့သည်။

လတ်စ်ဗီးဂတ်စ်တွင် ၁၅ နှစ်အတွင်း အပူပြင်းဆုံးဇူလိုင်လဖြစ်နေကြောင်း နေဗားဒါးတောင်ပိုင်းရှိ အမျိုးသားမိုးလေဝသဌာနတွင် နှစ် ၃၀ တာဝန်ထမ်းဆောင်ခဲ့သော မိုးလေဝသပညာရှင် ဂျွန်အဒဲက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းရှိ အော်ရီဂွန်နှင့် ဝါရှင်တန်ပြည်နယ်နှစ်ခုတွင်လည်း အလားတူ အပူချိန်မြင့်တက်နေကြောင်း သိရသည်။

**Mon**



## ပင်လယ်ထဲရေဆင်းကူးသည့် တရုတ်အမျိုးသမီးကို ကမ်းစပ်မှ ကီလိုမီတာ ၈၀ ခန့်အကွာ၌ ကယ်ဆယ်ခဲ့ရ

**တိုကျို ဇူလိုင် ၁၁**

ပင်လယ်ထဲရေဆင်းကူးသည့် အသက် ၂၀ ကျော် အရွယ်တရုတ်အမျိုးသမီးကို ဂျပန်ကမ်းစပ်မှ ကီလိုမီတာ ၈၀ ခန့်အကွာ၌ ကယ်ဆယ်ခဲ့ရသောဖြစ်ရပ်နှင့်ပတ်သက်၍ ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ဇူလိုင် ၁၁ ရက်တွင် သတင်းထုတ်ပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၈ ရက်ညနေပိုင်းက ထိုအမျိုးသမီးသည် ရာဘာကွင်းစီးပြီး ပင်လယ်ကမ်းစပ်၌ ရေကူးနေစဉ်လှိုင်းပုတ်ရာ နောက်သို့ပါသွားကာ ပျောက်ဆုံးသွားသဖြင့် ကယ်ဆယ်ပေးရန် သူငယ်ချင်းဖြစ်သူက ဒေသစံတော်ချိန် ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် ကုန်စုံဆိုင်တစ်ဆိုင်မှတစ်ဆင့် တိုင်ကြားခဲ့သည်။

ယင်းတိုင်ကြားမှုကို လက်ခံရရှိပြီးနောက် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ကယ်ဆယ်ရေးသမားများ လိုက်လံရှာဖွေကြသော်လည်း တစ်ရက်ကြာသည်အထိ မတွေ့သဖြင့် လက်လျှော့ရမလိုဖြစ်နေခဲ့သည်။



ဇူလိုင် ၁၀ ရက်နံနက် ၇ နာရီ ၄၈ မိနစ်ခန့်တွင် ဘောဆိုကျွန်းဆွယ်တောင်ဖျားပိုင်း၌ ကုန်သင်္ဘောတစ်စင်းအနီးယင်းပျောက်ဆုံးနေသော အမျိုးသမီးသည် ကမ်းစပ်မှ ကီလိုမီတာ ၈၀ ခန့်အကွာတွင် ရာဘာကွင်းပေါ်၌ပေါ်လော မျောပါနေသည်ကိုတွေ့ရကြောင်း ကြိုးမဲ့ကြေးနန်းဖြင့် ဆက်သွယ်လိုက်ရာ ကယ်ဆယ်ရေးသမားနှစ်ဦး ချက်ခြင်းသွားရောက်ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရေးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမျိုးသားတစ်ဦးကို သတ်ဖြတ်ပြီး နှစ်ဦးကို ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားစေသည့် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၁**

မွန်ပြည်နယ် ရေးမြို့၌ ဇူလိုင် ၈ ရက်တွင် ခြံထဲမှ ကွမ်းသီးခူးပြီး ပြန်လာသည့် အမျိုးသားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် ကွမ်းသီး လိုက်လံဝယ်ယူသည့် အမျိုးသားနှစ်ဦးကိုလည်း လူသားဒိုင်းသဖွယ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။




ဖြစ်စဉ်အမှန်မှာ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၇ ရက်တွင် ရေးမြို့ ရွာသစ်ကျေးရွာနှင့် တောင်စွန်းကျေးရွာသို့ သွားရောက်သည့် လမ်းဆုံအနီးရောက်ရှိစဉ် ပို့င့်-၁၉၃ တောင်ကုန်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာမှ အကြမ်းဖက်သမား အလောင်းတစ်လောင်းနှင့်အတူ အမ်-၁၆ ကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်တို့ကို သိမ်းဆည်းရမိကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးထားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Hsu (Hsu May Oo)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန် ရပ်ကွက်နေ ဆုမေဦးအား ည ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Daw Htay Htay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ချောစုလှိုင်၊ "Ei Nander" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် ကျောက်မြောင်းကြီး ရပ်ကွက်နေ အိစန္ဒာဝင်းနှင့် "Wah Wah Aung" Viber အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက်နေ ရွှေဝါထိန်ဝင်းတို့အား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် သတိမူရေး နှိုးဆော်ခြင်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၁**

မဟာအောင်မြေမြို့နယ် အတွင်း ရပ်ကွက်နေ ပြည်သူများ ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မီးသတ်ဦးစီးဌာနဝန်ထမ်းများမှ ဖွန်လပိုင်းမှစတင်၍ လိုက်လံနှိုးဆော်ပေးလျက်ရှိသည်။

မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်နေ ပြည်သူများအနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်တတ် သောကြောင့် ရွှေ့ပြောင်းအန္တရာယ်များ၊ လူနေမှုဘဝများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေတတ်သောကြောင့် ကြိုတင်ကာကွယ်နိုင်စေရန် အတွက် မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးညွန့်ဝင်းအောင်၏ လမ်းညွှန်မှုဖြင့် ဇူလိုင် ၁၁ ရက် နံနက်ပိုင်း တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ် (1260cm) ထက်ကျော်လွန်ပြီး(1308cm) ရောက်ရှိနေသောကြောင့် မဟာအောင်မြေမြို့နယ် ဧရာဝတီမြစ်ဘေးတွင် နေထိုင်ကြသော အများပြည်သူများနှင့် လူနေအိမ်များအား သတိမူနေထိုင်စေရန်နှင့် ရေကြီးရေလျှံဖြစ်ပေါ်လာပါက လွတ်ကင်းရာနေရာသို့ ပြောင်းရွှေ့နေထိုင်စေရန်အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် မြို့နယ်မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းများမှ လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်အန္တရာယ်များ ဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနသို့ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **(ဝ၅၆)**



## ဆေးဝါးများ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့် ရောင်းချစေရေးအတွက် ကွင်းဆင်းစစ်ဆေးမှုပေါင်း (၁၀၁)ကြိမ် ပြုလုပ်

**မန္တလေး ဇူလိုင် ၁၀**

ဆေးနှင့်ဆေးဝါးများအား ဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့် ရောင်းချစေရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့နှင့် FDA အဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးမှုများ အရှိန်မြှင့်တင်လုပ်ဆောင်ခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ဆေးနှင့်ဆေးဝါးများအား ဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့် ရောင်းချစေရေး၊ ဈေးကွက်အတွင်း ပစ္စည်းပြတ်လတ်မှုမရှိစေရေး၊ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အချိန်မီတင်ပြသွားရန်နှင့် သက်ဆိုင်ရာဌာနများမှ မြေပြင်ကွင်းဆင်းကြည့်ရှုပြီး ကူညီဆောင်ရွက်ပေးနိုင်စေရန်ရည်ရွယ်၍ (၈.၅.၂၀၂၄) ရက်မှ (၁၀.၆.၂၀၂၄ )ရက် အထိ မန္တလေးတိုင်းဒေသကြီး အတွင်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ နှစ်လအတွင်း ကွင်းဆင်းစစ်ဆေးမှုပေါင်း (၁၀၁) ကြိမ် လုပ်ဆောင်ခဲ့ကြသည်။

ယခင်ကလည်း ဆေးကုမ္ပဏီများနှင့်ဆေးဆိုင်များ၊ ဆန်၊ ဆီနှင့် အခြားကုန်စည်များကို ဈေးကွက်တွင်း ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် ရောင်းချစေရန်အတွက် စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး မေ ၈ ရက်မှစတင်ကာ ကွင်းဆင်းစစ်ဆေးမှုများကို အရှိန်မြှင့်တင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

## ဧရာဝတီမြစ်ရေ ဝင်ရောက်လာမှုကြောင့် ကျေးရွာနေပြည်သူများ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေး



**ရေနံချောင်း ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် မာန်မြေကျေးရွာအုပ်စုသို့ ဧရာဝတီမြစ်ရေဝင်ရောက်လာမှုကြောင့် ကျေးရွာနေ ပြည်သူဦးရေ ၇၇ ဦး ကျွဲ၊ နွား ၈၂ ကောင်၊ တိရစ္ဆာန်များနှင့် အသုံးအဆောင်ပစ္စည်းများကို ရေဘေးလွတ်ရာသို့ ယနေ့နံနက်ပိုင်းက ရွှေ့ပြောင်းပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနက သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးမောင် ဦးစီး၍ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **(၄၇၂)**

# နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း( ၆ )ရက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်

၁။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မြောက်ပိုင်းမဟာမိတ် (၃)ဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း **၁၀၂၇ စစ်ဆင်ရေးအမည်ဖြင့်** အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် MNDAA/TNLA/AA နှင့် ယင်းအဖွဲ့အစည်းများအား ကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများသည် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားမှုကို အခွင့်ကောင်းယူပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ **၁၀၂၇ ဒုတိယလှိုင်းအမည်ဖြင့်** အကြမ်းဖက်တိုက်ခိုက်မှုများအား ထပ်မံလုပ်ဆောင်လာခဲ့ပါသည်။

၂။ ယခုအခါ အထက်ပါ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှ လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိနေပါသည်။

၃။ ကျွန်ုပ်တို့နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိဖြစ်ရပ်များအပေါ် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပါသည်-

(က) မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံတစ်ဝန်း ချစ်ကြည်ရင်းနှီးစွာ အတူရောနှော ပျံ့နှံ့နေထိုင်လေ့ရှိခဲ့ကြပါသည်။ သို့ရာတွင် အထက်ပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် ၎င်းတို့နှင့် လူမျိုးစုမတူသော အခြား တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ် ပြောင်းရွှေ့စေခြင်းသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိ ဖြိုခွဲဖျက်ဆီးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ(၃၅၅) ပါ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆိုဥပဒေနှင့်အညီအခြေစိုက်နေထိုင်ခွင့်ရှိသည်"** ဟူသော ပြဋ္ဌာန်းချက်အား အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

(ခ) အထက်အပိုဒ်ပါအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ အခြားတိုင်းရင်းသားမျိုးနွယ်စုများကို အကြမ်းဖက်ခြိမ်းခြောက်နှင်ထုတ်ခြင်းသည် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးကြေညာစာတမ်း အပိုဒ် ၁၃(၁)ပါ "လူတိုင်းတွင် မိမိ၏နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်"**ဟူသော ပြဋ္ဌာန်းချက်ကို အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

(ဂ) ၎င်းအပြင် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများသည် တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်းနှင့် နိုင်ငံတကာက လက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများအား ချိုးဖောက်ခြင်းတို့ကို ပြုလုပ်နေကြောင်း ရှုမြင်ပါသည်။

၄။ ထို့ကြောင့် အကြမ်းဖက်အဓမ္မဝါဒကို မလိုလား၊ လက်မခံကြသော နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား ကျွန်ုပ်တို့ နိုင်ငံရေးပါတီများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA/TNLA/AA နှင့် ၎င်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ် ပူးပေါင်းပါဝင်ကူညီပေးနေကြသော အဖွဲ့အစည်းများအားလုံးကို လုံးဝ(လုံးဝ) လက်မခံ၊ ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံရေးပါတီများ၏ ရှုမြင်သုံးသပ်ချက်များအပေါ် မူတည်၍ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက အောက်ပါအတိုင်း ပိုမိုအရှိန်မြှင့် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်-

(က) အထက်ပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများအားအကြမ်းဖက်အုပ်စုများအဖြစ် နိုင်ငံတွင်း၌သာမက နိုင်ငံတကာကပါ သိရှိလက်ခံနိုင်ရန်ဆောင်ရွက်ခြင်း။

(ခ) အထက်ပါ အကြမ်းဖက်အဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများအား အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ကြေညာ၍ အာဆီယံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့ဌာနချုပ်တို့နှင့် ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်၍လည်းကောင်း လိုအပ်သလို ကန့်သတ်၊ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခြင်း။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA / TNLA / AA ၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ယင်းတို့၏ လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါကြောင်း ကျွန်ုပ်တို့နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုး ပူးတွဲသဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုံးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်နိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးနိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၁။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၂။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၃။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jasmine Paolini တက်ရောက်



**လန်ဒန် ဇူလိုင် ၁၁**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့်2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်မယ် Jasmine Paolini တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်မယ် Jasmine Paolini သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Emma Navarro အား ၆-၂၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini နှင့် ခရိုအေးရှားတင်းနစ်မယ်Donna Vekic တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## ဂိုးသမား ကားလိုစ်မီဂွယ်လ်အား နော်တင်ဟမ်ဖောရက်စ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၁**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဘရာဇီးကလပ်ကိုရင်သီယန်အသင်းဂိုးသမား ကားလိုစ်မီဂွယ်လ်အား ၄နှစ် စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (ယာပုံ)



အဆိုပါ ဂိုးသမားသည် ကိုရင်သီယန်အသင်းနှင့်အတူ လက်စွမ်းပြကစားနိုင်ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကားလိုစ်မီဂွယ်လ်က ကျွန်တော် နော်တင်ဟမ်ဖောရက်စ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေလည်းပြီး ပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲဟု ပြောသည်။ (NGB)

## လီယိုနာဒိုစပင်နာဇိုလာအား နာပိုလီအသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၁၁**

နာပိုလီအသင်းသည် ရိုးမားအသင်း နောက်ခံကစားသမား လီယိုနာဒိုစပင်နာဇိုလာအား ၂ နှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနောက်ခံကစားသမားသည် ရိုးမားအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄



ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ ပွဲကစားပြီး ၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

နာပိုလီအသင်းထုတ်ပြန်ချက်တွင် လီယိုနာဒိုစပင်နာဇိုလာအား အပြီးသတ်ခေါ်ယူခဲ့ပါပြီ။ သူအနေနဲ့လည်း အသင်းကိုအောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)



## ကီဖာရန်သူရမ်အား ဂျူဗင်တပ်အသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၁၁**

ဂျူဗင်တပ်အသင်းသည် နိုက်စ်အသင်း ကွင်းလယ်ကစားသမား ကီဖာရန်သူရမ်အား ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၅ နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ကီဖာရန်သူရမ်သည် နိုက်စ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၇ ပွဲကစားပြီး ၉ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ၃ ဦးအထိ ခေါ်ယူအားဖြည့်ထားသည်။

(အပေါ်ပုံ)

(NGB)

## ကာရင်အဒီယီမီအား ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၁**

ချဲလ်ဆီးအသင်းသည် ဒေါ့မွန်အသင်း တောင်ပံကစားသမား ကာရင်အဒီယီမီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဒေါ့မွန်



အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ ပွဲကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း ကာရင်အဒီယီမီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဝန်းကျင်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ ကာရင်အဒီယီမီအားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## သောမတ်စ်မူလာ ဂျာမနီလက်ရွေးစင်အသင်း ကစားသမားဘဝ အနားယူရဖွယ်ရှိ

**မြူးနစ် ဇူလိုင် ၁၁**

ဝါရင့် တိုက်စစ်မှူး သောမတ်စ်မူလာ ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူသွားဖွယ်ရှိနေသည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၀မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၁၃၁ ပွဲကစားကာ ၄၅ ဂိုးသွင်းယူပြီး ခြေစွမ်းပြထားနိုင်ခဲ့သည်။

ဂျာမနီလက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရခြင်းကြောင့် သောမတ်စ်မူလာက ကစားသမားဘဝမှ အနားယူသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။



ထို့ကြောင့် ဝါရင့်တိုက်စစ်မှူး သောမတ်စ်မူလာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့်သတင်းများအတိုင်း ဂျာမနီလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## ကော်တင်ဟိုအား အငှားစာချုပ်ဖြင့် ဗာစကိုဒဂါးမားအသင်းသို့ ပြောင်းရွှေ့

**လန်ဒန် ဇူလိုင် ၁၁**

အက်စတွန်ဗီလာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ဟိုသည် ငယ်ဘဝကလပ်အသင်းဖြစ်သည့် ဗာစကိုဒဂါးမားအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အက်စတွန်ဗီလာအသင်းမှ Al-Duhail အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၃ ပွဲကစားကာ ၈ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဗာစကိုဒဂါးမားအသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကော်တင်ဟိုက ကျွန်တော် ငယ်ဘဝက ကစားခဲ့ဖူးသည့် ကလပ်အသင်းသို့ ပြန်ပြီးပြောင်းရွှေ့ကစားရတော့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းကိုလည်း အောင်မြင်မှုတွေ ဆွတ်ခူးရရှိနိုင်အောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါဟု ပြောသည်။

(အောက်ပုံ)

(NGB)



## မီတိုမာ ဒဏ်ရာမှ သက်သာလာသောကြောင့် ဘရိုက်တန်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**လန်ဒန် ဇူလိုင် ၁၁**

ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား နောက်ကျောဒဏ်ရာမှ သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီ ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နောက်ကျောဒဏ်ရာကြောင့် ကာလရှည်အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းခဲ့ခြင်း ဖြစ်သည်။ (အောက်ယာပုံ)

ကွင်းလယ်ကစားသမား မီတိုမာ ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် ဘရိုက်တန်အသင်းအတွက်လည်း အားတက်စရာ ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မီတိုမာသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၇ ပွဲကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)



## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၂-၇-၂၀၂၄ သောကြာနေ့ | ညနေ ၃း၃၀ နာရီ (ရန်ကုန်ကွင်း) | (၆)ရတနာပုံ - မဟာ (၅) (D) (W) | ရတနာပုံ ၀-၀ မဟာ မဟာ ၀-၀ ရတနာပုံ |

# ၂၀၂၄ ခုနှစ်(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

၂၀၂၄ ခုနှစ်(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး၊ တိုင်းဒေသကြီး အတွင်းရှိ ခရိုင်များမှလည်း Online စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။



အဆိုပါ အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် ဦးတည်ချက်(၄)ရပ်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်၍ ကျင်းပပေးခဲ့ရာ ယခု(၂၅)ကြိမ်မြောက် ငွေရတုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များစွာ ရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း ဗဟိုက သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြိုင်ပွဲအမျိုးအစားနှင့် အဆင့်များတွင် အင်အားပြည့် ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေးနှင့် ဆုတံဆိပ်များ ပိုမိုတိုးတက်ရရှိရေး အတွက် အရည်အသွေးပြည့်မီသူများကို စနစ်တကျ မှန်ကန်စွာ စိစစ်ရွေးချယ်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခင်အတွေ့အကြုံများအပေါ် ပိုမိုကောင်းမွန်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များ ထွန်းကားသည့် တိုင်းဒေသကြီး၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ကာ အောင်မြင်မှု ဆုတံဆိပ်များ ပိုမိုရရှိအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက်(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီဝင်များမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြို့နယ်၊ ခရိုင်အဆင့်ပြိုင်ပွဲများ ကျင်းပသွားမည့် အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



## အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းနည်းပညာပေး သင်တန်းဖွင့်လှစ်

**မန္တလေး ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စစ်ကိုင်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်း နည်းပညာပေး နှစ်ရက်ကြာ အခမဲ့သင်တန်းကို ဖွင့်လှစ်၍ သင်ကြားပေးနိုင်ခဲ့ကြောင်း ပြည်ကြီးတံခွန်မြို့နယ်၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ နည်းပညာရပ်နှစ်မျိုးကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် စစ်ကိုင်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေးအတွက် အဓိကထားရည်ရွယ်ပြီး သင်ကြားပေးခဲ့ကြောင်း၊ ယင်းသင်တန်းတွင် သင်တန်းသားဦးရေ ၃၄ ဦး လက်ခံ၍ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းနည်းပညာပေး သင်တန်းကို နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ဖွင့်လှစ်၍ သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

"ငါးမွေးမြူတဲ့ အခါမှာ ကျန်းမာသန်စွမ်းတဲ့ ငါးသားပေါက်၊ ငါးမျိုးစိတ်တွေကို မွေးမြူနိုင်စေဖို့၊ ငါးမျိုးကောင်း မျိုးသန့်တွေကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေပြီးတော့ အခြေခံငါးမွေးမြူရေးနဲ့ ဆေးထိုးသားဖောက်ခြင်း သင်တန်းစတဲ့ နည်းပညာရပ်နှစ်မျိုးကို သင်ကြားပေးခဲ့တာပါ။ ငါးမွေးသူတွေ ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေဖို့ပါ။ ဒါ့အပြင် ငါးအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးနဲ့ ကိုယ်တိုင် ငါးသားဖောက်ထုတ်လုပ်နိုင်စေရေးတို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ သင်တန်းကိုတော့ နတ်ရေကန် ငါးလုပ်ငန်းစခန်းမှာပဲ အခမဲ့(၈ ရက်နေ့မှ ၉ ရက်နေ့ထိ)နှစ်ရက်ကြာ သင်ကြားပေးခဲ့တာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ သင်တန်းသည် ငါးမွေးမြူရေးကို စိတ်ပါဝင်စားသည့် စစ်ကိုင်းတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို သင်တန်းပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းပေးသည့်အခါတွင်လည်း ကိုဗစ်စည်းကမ်းနှင့် အညီပေးခြင်းဖြစ်ပြီး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သင်ကြားပေးရာတွင်လည်း ငါးလုပ်ငန်းစခန်းမှ ကျွမ်းကျင်ပညာရှင်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို စာတွေ့၊ လက်တွေ့နည်းဖြင့် သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ထိုနည်းပညာရပ်များ ပေးခြင်းကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ် မှန်မှန်ကန်ကန်နှင့် မွေးမြူနိုင်မည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **(၀၃၄)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့မွန်းလွဲ(၂)နာရီက ယာဉ်စည်းကမ်း လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ခရိုင်ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မော်တော်ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ရန်၊ အချက်ပြမီး၊ ဘရိတ်မီးများကောင်းမွန်ရန်၊ ယာဉ်ကြောပြောင်းပြန်မစီးရန်၊ လက်လွှတ်မမောင်းရန်၊ မူးယစ်သောက်စားပြီး မမောင်းရန် သတ်မှတ်ယာဉ်ကြောမှ မောင်းရန်၊ ဖြောင့်တန်းစွာမောင်းရန်၊ ပြိုင်မမောင်းရန်၊ ယာဉ်မောင်းနှင့် ယာဉ်လိုက်စီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်များကို ကိုယ်တွင် တပ်ဆင်ရန်၊ ယာဉ်ထိန်းရဲ၏ လက်အချက်ပြမှုနှင့် ညွှန်ကြားမှုကို အမြဲလိုက်နာရန်၊ မြို့တွင်း မိုင်(၃၀)နှုန်းနှင့် မြို့ပြင် မိုင်(၅၀)နှုန်းထက်ပိုမမောင်းရန်၊ ကျောင်းအနီးတွင် အရှိန်ပြင်းစွာမမောင်းရန်၊ လူကူးမျဉ်းကြားပေါ်တွင် ယာဉ်လုံးဝမရပ်ရန်စသည့် အကြောင်းအရာများ ဟောပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လမ်းဖြတ်ကူးပါက ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်ပြီး လမ်းရှင်းမှကူးရန်၊ လူကူးမျဉ်းကြားမှ ကူးရန်၊ ယာဉ်မောင်းလိုင်စင်ပါမှ ယာဉ်မောင်းရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊ လိုင်စင်ခွင့်မပြုထားသော ယာဉ်များမမောင်းရန်၊ ယာဉ်ကိုဘေးအန္တရာယ်ဖြစ်အောင်မမောင်းရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနှင့် ဥပဒေများအား အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၄၈၅)**





## ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်လာစေရန် မြန်မာနိုင်ငံအတွင်း နေထိုင်သူများကို စိစစ်နိုင်သည့် တစ်ခုတည်းသောနံပါတ် Unique ID ထုတ်ပေးရန်နှင့် Online စနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်မည့် အခြေခံစနစ်တည်ဆောက်ရန်ရည်ရွယ်၍ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် Unique ID ထုတ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းကို ၂၀၂၃ခုနှစ် ဇွန် ၂၆ရက်မှ စတင်ကာ ဆောင်ရွက်ပေးလျက်ရှိပြီး ဇူလိုင် ၁၀ ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ် အမှတ် (၂၄) အ.ထ.ကကျောင်း၌ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မဟာအောင်မြေမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်၏ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာစေပြီး ဇီဝဆိုင်ရာအချက်အလက်စိစစ်ကောက်ယူ၍ Database တွင် သိမ်းဆည်း၍ မတူညီဂဏန်း (၁၀)လုံးပါဝင်သည့် UniqueIDနံပါတ်ကတ်ပြားများကို နေ့ချင်းပြီးထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၅၆)

## မိုးနှမ်းလျာထားဧက ၁၉၃၉၂ အနက်မှ ၁၁၃၀၁ ဧက စိုက်ပျိုးပြီးစီး

**တပ်ကုန်း ဇူလိုင် ၁၁**

တပ်ကုန်းမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးနှမ်းလျာထားဧက ၁၉၃၉၂ အနက်မှ ၁၁၃၀၁ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်တွင် ယခင်နှစ် မိုးနှမ်း ၁၉၃၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ပျမ်းမျှအထွက် ၉ ဒသမ ၆၁ ထွက်ရှိကြောင်း၊ ယခုနှစ် မိုးနှမ်း ၁၉၃၉၂ ဧက လျာထားစိုက်ပျိုးပြီး နှမ်းစိုက်တောင်သူများ မေလတွင် စတင်စိုက်ပျိုးကြရာ ဇူလိုင်လထိ ၁၁၃၀၁ ဧက စိုက်ပျိုးနိုင်ကြောင်း သိရပြီး နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အတွက်နှုန်း ရရှိရေးအတွက် ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေးပြုလုပ်သုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် နှမ်း၊ မိုး၊ ဆောင်းရာသီအလိုက် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ပြည်သူ့စာကြည့်တိုက်တွင် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီ က ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ရန်၊ သောက်ရေသန့် (သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ရန်၊ လက်သန့်စင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသရန် စသည်တို့ကို ရှင်းလင်းပြောကြားပြီး တောင်တွင်းကြီးမြို့နယ်ပြန်/ဆက်ဌာနမှ ဝန်ထမ်းများက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



အဆိုပါဟောပြောပွဲသို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ Grade -6 ကျောင်းသား၊ ကျောင်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပလက်ဖောင်းနှင့် ရေမြောင်းများပြုပြင်၊ လမ်းကာတုံးများ အသစ်လဲလှယ်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်များချမှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ပထမပတ်မှစတင်ပြီး ချမ်းအေးသာစံမြို့နယ် ၃၅လမ်း၊ ၆၂လမ်းမှ ၆၆လမ်းအတွင်း လမ်းဘေးဝဲယာ ပလက်ဖောင်းများ အသစ်ပြုလုပ်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်း၊ သစ်ပင်ကြီးများ၏ အမြစ်များထိုးဝင်မှုကြောင့် ပျက်စီးနေသော ရေမြောင်းများအား အသစ်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးမြို့တွင်း အဓိကလမ်းမကြီး တစ်ခုဖြစ်သော ၆၂လမ်း၊ ၃၈လမ်းမှ ၁၀၁လမ်းအတွင်း လမ်းဘေးဝဲယာပျက်စီးနေသော ပလက်ဖောင်းများအား ပြုပြင်ခြင်း၊ လမ်းကာတုံးများအသစ်လဲလှယ်ခြင်းများအား ဇွန်လနောက်ဆုံးပတ်မှ စတင်ဆောင်ရွက်လျက်ရှိသည်။ မဟာအောင်မြေမြို့နယ်၊ မနော်ရမ္မကွင်းတွင်လည်း မြို့တော် ညစျေးတည်ဆောက်ရေးအတွက် တင်ဒါအောင်မြင်သောကုမ္ပဏီမှ ကွင်းအတွင်းရေစီးရေလာကောင်းမွန်ရေးရေမြောင်းများပြုလုပ်ခြင်း၊ ကွန်ကရစ်ခင်း၍ ပလက်ဖောင်းများ မြင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

(ဝ၄၅)



## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု၊ ထန်းတပင်ကျေးရွာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ SMUခန်းမ၌ ဆောင်ရွက်သည်။

နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဥတ္တရခရိုင်မှ ခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဝင်းထွန်းက ဘဲမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးဒီပလိုမာနှင့် စိုက်ပျိုးမွေးမြူရေးကျောင်းများအကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ(ရုံးချုပ်)မှ သုတေသနအရာရှိ ဒေါက်တာလှိုင်ဝင်းက ဌာန၏လုပ်ငန်းဆောင်ရွက်မှုအပေါ် သဘောထားစစ်တမ်းများ မေးမြန်းခြင်းနှင့် ခွေးရူးရောဂါကာကွယ်တားဆီးရေးအကြောင်းကိုလည်းကောင်း၊ သုတေသနအရာရှိ ဒေါက်တာသန့်ဇော်က ဝက်များတွင် ဖြစ်ပွားတတ်သောရောဂါများအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီး မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ထို့နောက် ကျေးရွာအတွင်းရှိ ပိုင်ရှင် ဦးအောင်သန်း၏ ဝက်ခြံကောက်ကောင်ကို ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းပဲ၊ နှမ်းဈေးကွက်တွင် ကုန်သည်များ ငွေပေးချေမှု အဆင်မပြေတာကြောင့် အရောင်းအဝယ်အေးနေ



ပြည်တွင်းပဲဈေးကွက်တွင် ကုန်သည်များ ငွေပေးချေမှု အဆင်မပြေတာကြောင့် အရောင်းအဝယ်များအေးနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

လက်ရှိပြည်တွင်းဘဏ်များ၏ ငွေထုတ်ယူရာတွင် မူဝါဒအပြောင်းအလဲများကြောင့် ပြည်တွင်းရောင်းဝယ်မှုများနှင့် ပို့ကုန်ရငွေ ပြန်လည်ထုတ်ယူရာတွင် အခက်အခဲမရှိသော်လည်း ပြည်တွင်းပွဲရုံများထံသို့ ငွေလွှဲရာတွင် ပြန်လည်ထုတ်ယူချိန်တွင် အကန့်အသတ်ဖြင့်သာ ထုတ်ယူရတာကြောင့် အရောင်းအဝယ်များ အနည်းငယ်တုံ့ဆိုင်းသွားခြင်း ဖြစ်သည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲဆန်နှင့် နှမ်းမျိုးစုံမှာ အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပို့ကုန်ပဲများမှာ ငွေပေးချေမှုပမာဏများတာကြောင့် လက်ရှိမှာအရောင်းအဝယ် ဆိုင်းငံ့နေကြောင်း၊ ပြည်တွင်းသုံးကုလားပဲများမှာလည်း ငွေပေးချေမှု ပုံစံအလိုက်သာ အရောင်းအဝယ်ကျဆင်းနေကြောင်း၊ လက်ရှိမှာ ပဲဆီလိုအပ်ချက်မြင့်မားနေလို့ မြေပဲဆန် တစ်မျိုးသာ အရောင်းအဝယ်ကောင်းနေကြောင်း၊ ပဲမာလိုင်းများမှာ အရောင်းအဝယ်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

'လက်ရှိမှာ ဘဏ်ငွေလွှဲအခက်အခဲကြောင့် အရောင်းအဝယ်ဘာမှမဖြစ်ဘူး ဖြစ်နေတယ်။ ပဲကုန်သည်တွေ ငွေလွှဲကြောင့် ငွေပေးချေမှုမှာ တော်တော် အခက်အခဲ ဖြစ်နေပါတယ်။ ပဲမျိုးစုံတွေ အရောင်းအဝယ်တွေ အေးနေတဲ့ကြားမှာ မြေပဲဆန်ကတော့ ဆီစက်ပိုင်တွေ အဝယ်ကောင်းနေလို့ မြေပဲဆန် တစ်မျိုးပဲ ဈေးတက်အဝယ် သွက်နေပါတယ်။ ပဲဆီက တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ဖြစ်လာပါတယ်။ ပဲဖတ်ဈေးကလည်း တစ်ပိဿာ ငွေကျပ် ၄၀၅၀ ထိ ဖြစ်လာပါတယ်။ အခြား ပဲမာလိုင်းမှာ အရောင်းအဝယ်မရှိသလောက်ဖြစ်သွားပါတယ်။ ပို့ကုန်ပဲတွေလည်း ငွေပေးချေမှု အဆင်မပြေလို့ အရောင်းအဝယ်ဖြစ်တာကို မကြားရတော့ပါဘူး'ဟု ၄င်းက ပြောသည်။

ဇူလိုင် ၁၁ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးကျဆင်းနေရာ ဇူလိုင် ၁၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၄၂၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ အသီးသီး ပေါက်ဈေးရှိလာသည်။

ပဲနှမ်းဈေးကွက်အတွင်း မြေပဲဆန်တစ်မျိုးသာ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေသည်။ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ပေါက်ဈေးရှိနေသည်။

ဇူလိုင် ၁၁ ရက်တွင် နှမ်းမျိုးစုံအနည်းငယ် ဆက်လက်မြင့်တက်လာရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၈၃၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၃၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ပန်းနှမ်း တစ်အိတ်လျှင် ၂၀၅၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## ယခုနှစ်မိုးစပါး သီးနှံကဏ ၁၀ သိန်းနီးပါးကို နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်

၂၀၂၄-၂၀၂၅ မိုးစပါးသီးနှံအား နေပြည်တော်၊ ကချင်၊ မကွေး၊ ပဲခူး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီဒေသများတွင် စုစုပေါင်း ၉ ဒသမ ၆ သိန်းအား နိုင်ငံစီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းအား နေပြည်တော်ကောင်စီနယ်မြေ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ရာ ပဲတီစိမ်းသီးနှံနှင့် နွေစပါးသီးနှံအတွက် စုစုပေါင်းငွေကျပ် ၁၇၄ ဒသမ ၁၈ ဘီလီယံသုံးစွဲပြီး ချေးငွေများအားလုံး ပြန်လည်ရရှိပြီးဖြစ်ကြောင်း အဆိုပါချေးငွေများပြန်လည်ကောက်ခံရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ မိုးစပါးစီမံကိန်းများတွင် ပြန်လည်အသုံးပြုခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစီမံကိန်းအား နေပြည်တော်ကောင်စီနယ်မြေ ကချင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁၃၄-၂၁၃ ဘီလီယံ အသုံးပြုဆောင်ရွက်ခဲ့သည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးမြေပဲသီးနှံစိုက်ပျိုးခြင်းကို နေပြည်တော်၊ ပဲခူး၊ မကွေး၊ ရှမ်း၊ ဧရာဝတီ၊ မန္တလေးတို့တွင် နိုင်ငံစီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေဖြင့် စုစုပေါင်းစိုက်ဧက ၁ ဒသမ ၀၈ သိန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး၂၀၂၃-၂၀၂၄ ဆောင်းဆီထွက်သီးနှံရာသီတွင် တိုင်းဒေသကြီး၊ ပြည်နယ် ၉ ခု၌ ရန်ပုံငွေ ၄၈ ဒသမ ၆၀ ဘီလီယံသုံးစွဲပြီး ဆောင်ရွက်ခဲ့သည်။

နွေစိုက်ပျိုးမှုအနေဖြင့် ပဲတီစိမ်းနှင့် နွေစပါးကို မတ်လမှစတင်ကာ ဇူလိုင်လဆန်းပိုင်းတွင် ရိတ်သိမ်းပြီး ဈေးကွက်အတွင်း ပြန်လည်ရောင်းချကာ မိုးသီးနှံအဖြင့် မိုးစပါးစိုက်ပျိုးခြင်းအတွက် ချက်ချင်းပြင်ဆင်လျက်ရှိသည်။

ယခုနှစ် ပဲတီစိမ်းအညာမှာ ဈေးကွက် ဈေးကောင်းရရှိသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိသည်။ မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၀၆၀၀၀ ပေါက်ဈေးရှိနေသဖြင့် တောင်သူများ ဈေးကောင်းရရှိနေခြင်း ဖြစ်သည်။

ယခုနှစ် နွေစပါးရိတ်သိမ်းပြီး စပါး ရွှေမနော်အစို တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၀၀၀၀၀၊ ရွှေသွယ်ရင်အစို တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀ ပေါက်ဈေးဖြင့် ဇူလိုင် ၉ ရက်က ရောင်းချခဲ့ရကြောင်း စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

လာမည့် မိုးစပါးစိုက်ပျိုးမှုအတွက် ပြင်ဆင်လျက်ရှိရာ မြေပြုပြင်ခြင်း၊ မျိုး၊ မြေဩဇာဈေးနှုန်းများနှင့်လုပ်သားခများ မြင့်တက်နေတာကြောင့်လည်း စိုက်ပျိုးစရိတ်မှာ ယခင်နှစ်ထက်မြင့်တက်လာနိုင်ကြောင်း စပါးစိုက်တောင်သူများက ခန့်မှန်းထားသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## မွေးမြူရေးအစာဈေးကွက်တွင် ဝယ်လိုအားနည်းသော်လည်း အတက်ဘက် ဦးတည်ဖွယ်ရှိ

ပြည်တွင်းမှ တိရစ္ဆာန်မွေးမြူရေးလုပ်ကိုင်သူများသည် အထွေထွေကုန်ကျစရိတ်မြင့်မားလာမှုကြောင့် မွေးမြူရေးအစာဝယ်ယူမှုနည်းပါးသော်လည်း အစာဈေးကွက်တွင် အတက်ဘက်သို့ ဦးတည်ဖွယ်ရှိကြောင်း မွေးမြူရေးအစာရောင်းချသူတစ်ဦးက ပြောသည်။

'ပြည်တွင်းမှာ စိုက်ပျိုးသီးနှံက ရတဲ့တိရစ္ဆာန်မွေးမြူရေးအစာကသူတို့ရဲ့ စိုက်ပျိုးထုတ်လုပ်မှုစရိတ်မြင့်မားလာတာကြောင့် ဈေးမကျဘူး။ တစ်ဖက်ကကြည့်ပြန်တော့ မွေးမြူရေးသမားတွေက ထုတ်လုပ်မှုလျှော့ချလာလို့ ဈေးကွက်မှာ ဝယ်လိုအားနည်းလာတယ်ဆိုပေမယ့် ဈေးကတော့ အတက်ဘက် ဦးတည်နေတာတွေရတယ်'ဟု ၄င်းက ပြောသည်။

ဒေသထွက်သီးနှံများမှ ရရှိသည့် တိရစ္ဆာန်အစာများနှင့် ကုမ္ပဏီများမှ တင်သွင်းသည့် အစာမှုန့်နှင့် အစာတောင့်များမှာ ယခင်လများထက် ဈေးမြင့်တက်လာဖွယ်ရှိပြီး ပြည်ပမှ တင်သွင်းသည့် အစာများမှာ ငွေလဲနှုန်းမတည်ငြိမ်မှုကြောင့် ဈေးအတက်အကျ အပြောင်းအလဲမြန်ပြီး အစာဈေးကွက်ကို ခန့်မှန်းရခက်သည်ဟု ဆိုသည်။

အစာကုန်ကြမ်းဈေးက မွေးမြူရေးသမားတွေရဲ့ အသားထုတ်လုပ်မှုဈေးကွက်မှာ ပြီးခဲ့တဲ့လများက အပူချိန်မြင့်မားလို့ သေဆုံးထိခိုက်မှုတွေနဲ့ အခြားအထွေထွေစရိတ်တွေမြင့်လာလို့ မွေးမြူတဲ့ အကောင်အရေအတွက် လျှော့ချလာကြတယ်။ အသားငါးဈေးကွက်ကောင်းမှ မွေးမြူရေးသမားတွေ အဆင်ပြေပြီး အစာဈေးကွက်လည်း ဝယ်လိုအားမြင့်လာမယ်' ဟု ဆက်လက်ပြောကြားသည်။



မွေးမြူရေးအစာများဖြစ်သည့် ငါးမှုန့်တစ်ပိဿာလျှင် ၂၈၀၀ ဝန်းကျင်၊ ပုစွန်ဖွဲ တစ်ပိဿာလျှင် ၂၆၀၀ ဝန်းကျင်၊ အရောင်းအဝယ်ဖြစ်နေပြီး ပဲဖတ်၊ နှမ်းဖတ်များမှာ ဈေးမြင့်လာပြီး ယခင်တစ်ပိဿာ ငွေကျပ် ၃၃၀၀ မှ ၄၀၀၀၊ နှမ်းဖတ်တစ်ပိဿာ ငွေကျပ် ၂၃၀၀ မှ ၂၇၀၀ ဝန်းကျင်ရှိကြောင်း၊ ကုမ္ပဏီများမှ ရောင်းချသည့် ဝက်အစာမှုန့်အိတ်အသေး ငွေကျပ် ၉၉၀၀ မှ ၁၃၀၀၀၊ အသင့်ကျွေး အစာမှာ ယခင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်မှ ၄၆၀၀၀ ဝန်းကျင်ရှိလာကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

* – * – * – * – *

## ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းသူများအား ဂုဏ်ပြုပွဲကျင်းပ



**အောင်လံ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အောင်လံခရိုင်၊ ပြလို့မြို့စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအထက်တန်းကျောင်းတွင် Grade -10 ကျောင်းသား၊ ကျောင်းသူများရရှိရေး ကြိုးစားဆောင်ရွက်ခဲ့ကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ အောင်လံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့နိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေ(အလှူငွေစာရင်း)ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အောင်လံခရိုင်ပညာရေးမှူး ဦးငွေးလွင်ထံအလှူငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အောင်လံခရိုင်၊ ပြလို့မြို့ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်းတွင် Grade -10 ကျောင်းသား၊ ကျောင်းသူများရရှိရေး ကြိုးစားဆောင်ရွက်ခဲ့ကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မျိုးသိန်း(ပြန်/ဆက်)**

## ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်နှင်းမမဦးက လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏အမြင်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ လူငယ်ရေးရာနှင့် ပတ်သက်သည့်စာအုပ်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ကျင်းပ

**ကျိုင်းလပ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၀ ရက် နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ကျိုင်းလပ်မြို့၊ ပြန်/ဆက်ဌာနမှ ဒုတိယဦးစီးမှူးဒေါ်စန်းစန်းမြင့်က ကလေးအလုပ်သမားဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဝါဆိုခြင်းပွဲတော်

* ကမ္ဘာပေါ်မှာ "မြန်မာ"သာ
တီထွင်ဆန်းသစ်တာ ။
မြန်မာ့ရိုးရာ ခြင်းပညာ
သိမ်မွေ့နက်နဲစွာ ။

* မြန်မာပြည် တစ်နံတစ်လျား
ခြင်းပညာရှင်များ
ဝါဆိုခြင်း အလှခတ်ပွဲ
စုပေါင်းပါဝင်နွှဲ ။

* ရှေးရှေးက ခြင်းခတ်သူများ
ခါးတောင်းမြှောင်အောင် ကျိုက်ထား ။
ထိုးကွင်းမှင်ကြောင် ပေါင်မှာထိုး
အာဇာနည်မျိုးရိုး ။

* မြန်မာဆိုင်းသံက မြူးကြွ
ခြင်းလုံး မြေမကျ ။
နွဲ့နှောင်းသွယ့်ပျောင်း ကိုယ်ဟန်လှ
ကြည့်မဝ ရှုမဝ ။

* တစ်လတိတိ ကျင်းပတာ
၉၆ ကြိမ် မြောက်ပါ ။
ဘုရားကြီး ပရဝုဏ်ထဲမှာ
နေ့ ည ခြင်းခတ်တာ ။

* မန္တလေးမြို့ရဲ့ ဂုဏ်ဖော်
နိုင်ငံတစ်ဝန်းကျော် ။
ဝါဆိုခြင်း အလှခတ်ပွဲတော်"
သွားကြည့်ကြစို့နော် ။ ။

**မိုးထက်ကို(အမရပူရ)**

## နေမျိုး တစ်ကိုယ်တော်ပန်းချီပြပွဲ "Buffalo ကျွဲ" မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးပန်းချီဆရာနေမျိုးရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ရှိ မန္တလေးတောင် ပန်းချီပြခန်းတွင် ပြသသွားမည်ဖြစ်ပြီး ပြပွဲအမည်ကို "Buffalo ကျွဲ"ဟု အမည်ပေးထားပြီး ကျွဲစီးရီး ခြောက်ကားပါဝင်သည်။

"ကျွဲစီးရီးမရေးခင်က ပြင်ဦးလွင်ကျင်ဂနိုင်မှာ အနုပညာဝပ်ရှော့တစ်ခုကို တက်ရောက်ရင်း ရေးဖြစ်လိုက်တဲ့ပန်းချီကားတစ်ကားက ကျွဲပုံဖြစ်သွားတယ်။ ပြီးတော့ ရေမြေခြားကမိတ်ဆွေတစ်ယောက်နဲ့ broken ပြောကြရာမှာ buffalo ဝေါဟာရပါဝင်သွားပြီး အမှတ်ရချက်အနေနဲ့ buffalo စီးရီးခြောက်ကား ရေးဖြစ်သွားတာ"ဟု ပန်းချီနေမျိုးက ပြောသည်။

ယခုပြပွဲတွင် ပန်းချီကားသေးငယ်သည့် လက်ရာအများအပြားပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ်တစ်သိန်းအောက်နှင့် ငွေကျပ်တစ်သိန်းသာရှိသည်ဟုသိရသည်။ ပန်းချီလက်ရာများက မည်သည့်ပြပွဲမှ မပြသရသေးသည့် ကားအများစုပါဝင်ပြီး ပြင်ဦးလွင် ကျင်ဂနိုင်တွင် ပြသခဲ့သည့်လက်ရာနှစ်ခု(ကျွဲနှင့်စားကျက်)ကိုမူ ထည့်သွင်းပြသထားသည်ဟုလည်း သိရ၏။ "အခုပြပွဲမှာ ဈေးချိုတဲ့ကားတွေက အများစုပါပါတယ်။ အခြားဈေးသင့်တဲ့ နှစ်သိန်းကျော်ကားတွေလည်း ပါဝင်ပြီး buffalo စီးရီးက နှစ်ပေ၊ သုံးပေ အရွယ်အခရဲလစ်ကားများဖြစ်ပါတယ်။ ဈေးနှုန်းကို သူတို့က ၁၀ သိန်း သတ်မှတ်ထားပါတယ်"ဟုငင်းက ပြောသည်။

"ကျွန်တော် အများကြီး မျှော်လင့်မထားဘူး။ ပန်းချီလက်ရာလေးတွေ ပေါ့ပေါ့ပါးပါးရေးဖြစ်တာ အများစုကို မိတ်ဆက်ပြသချင်တာပါ"ဟုလည်း ပန်းချီနေမျိုးက ဆိုသည်။





**(အပေါ်ပုံ)**

နေမျိုးသည် တစ်ကိုယ်တော်ပန်းချီပြပွဲ ၁၀ကြိမ်ခန့်ပြသနိုင်ခဲ့ပြီး အုပ်စုပွဲများတွင်လည်း ပါဝင်ပြသကာ ရန်ကုန်မြို့မှ ထွန်းဝေမြင့်၊ နေမျိုးတွဲလျက် မန္တလေး Read it book store & publishing တွင်လည်း ယခုနှစ်မတ်လက ပန်းချီနှင့်ကဗျာတွဲဖက်ပြသခဲ့ကြောင်း သိရသည်။

(PNT)

## သတင်းပဒေသာ

### စည်ပင်သာယာလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဌာနခွဲတာဝန်ခံ ဦးစိုးနိုင်ဦးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၉ရက် နံနက် ၉ နာရီတွင် မြို့စည်ပင်သာယာရေးဌာန၏ (၂၀၂၄- ၂၀၂၅) ဘဏ္ဍာရေးနှစ် ပထမ ၃ လပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ပြပွဲများကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၃)ရပ်ကွက် မြို့မအခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ပြပွဲများကို ဇူလိုင် ၉ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### စာပတ်ရှိန်မြှင့်တင်ရေးနှင့် လူ့ငယ်ရေးရာအသိပညာပေး

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)ရပ်ကွက်ရှိ ရေငုပ်အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူငယ်ရေးရာအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အ-ထ-က (၁) ကျောင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းရင်းဆေးဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အာဇာနည်နေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ကဗျာ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ငဖဲမြို့နယ် မီးသတ်ဦးစီးဌာနရုံးက ငလျင်ဘေးအန္တရာယ်ကျရောက်လာပါက ထိရောက်လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်၊ လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ဇူလိုင် ၉ရက် နံနက် ၁၀ နာရီက အဆိုပါ ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## မဟာမုနိဘုရားကြီးအား ချိတ်ဆွဲရန်ရွှေထည်ပစ္စည်းများနှင့် ဘက်စုံပြုပြင်ရန်ငွေများ လာရောက်လှူဒါန်း



**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရေးနှင့်ချိတ်ဆွဲရန် ရတနာပစ္စည်းများ၊ ရွှေထည်များ၊ ငွေများလာရောက်လှူဒါန်းလျက်ရှိသည်။ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့နေ ဒေါ်အေးလှမိသားစုက အလေးချိန် ၂ ပဲ ၇ ရွေးရှိ ကျောက်နီပါ ရွှေလက်စွပ်တစ်ကွင်း၊အလေးချိန်၃ ပဲ ၃ ရွေးရှိ ကျောက်နီကိုးပွင့်ပါ ရွှေနားကပ်တစ်ရံတို့ကို လည်းကောင်း၊ကျောက်ကြီးမြို့နယ်နေ မစိမ်းခင်မိသားစုက ငွေစေတီတစ်ဆူကိုလည်းကောင်း၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) သင်တန်းအမှတ်စဉ်(၁/၂၀၀၃) သင်တန်းဆင်းအရာရှိများနှင့် မိသားစုများက ဘက်စုံပြုပြင်ရန် ငွေကျပ် ၁၁ သိန်းတို့ကို မဟာမုနိဘုရား မိုးကောင်းမွှာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးမြဝင်း၊ အတွင်းရေးမှူးဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသောအလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် ၀၁ ၇၀၁၂၀၀၀၀၀၇၅၀နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊၀၉-၄၀၂၅၉၉ ၉၁၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ကဆ)**

---

## ညောင်ဦးမြို့ အာနန္ဒာဘုရားကြီးအတွင်း မြောက်ဘက်မုခ် ကကုသန်မြတ်စွာဘုရား မတ်ရပ်ရုပ်ပွားတော်ကြီးအား ရွှေသင်္ကန်းကပ်လှူ

**ညောင်ဦး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီးအတွင်းရှိ မတ်ရပ်ရုပ်ပွားတော်လေးဆူအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီခွဲ အာနန္ဒာဘုရားကြီး မြောက်ဘက်မုခ်အတွင်းရှိ ကကုသန် မတ်ရပ်ရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနေပြီဖြစ်ကာ အနောက်ဘက်မုခ်နှင့်အရှေ့ဘက်မုခ် မတ်ရပ်ရုပ်ပွားတော်မြတ်နှစ်ဆူ ရွှေသင်္ကန်းကပ်လှူပြီးမြောက်ပြီ ဖြစ်သည်။

အာနန္ဒာဂူဘုရားကြီးကို ကျန်စစ်မင်းတရားကြီးသည် သက္ကရာဇ် ၄၅၂ ခုနှစ်၊ အေဒီ ၁၀၉၁ တွင် တည်ထားပူဇော်ခဲ့ပြီး ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား ရည်မှန်းကာ အနောက်ဘက်မုခ်တွင် ဂေါတမမြတ်စွာဘုရား၊ မြောက်ဘက်မုခ်တွင် ကကုသန်မြတ်စွာဘုရား၊ အရှေ့ဘက်မုခ်တွင် ဂေါဏဂုဏ်မြတ်စွာဘုရား၊ တောင်ဘက်မုခ်တွင် ကဿပမြတ်စွာဘုရားတို့အား ဉာဏ်တော် ၃၁ ပေရှိ မတ်ရပ်ရုပ်ပွားတော်များ တည်ထားပူဇော်ထားရှိခဲ့ပြီး အာနန္ဒာဘုရားကြီးကို အတွင်းစင်္ကြံနှစ်ထပ်၊ အာရုံခံလေးဖက်၊ စေတီတော်ဉာဏ်တော်အမြင့် ၁၆၈ ပေရှိပြီး အောက်ခြေခုံတော်အလျား ၂၉၅ ပေရှိကာ၊ အနုပညာလက်ရာပေါင်းများစွာပါရှိ တည်ထားသည်။

မတ်ရပ်ရုပ်ပွားတော်များ ရွှေသင်္ကန်းကပ်လှူရာသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အာနန္ဒာဘုရားကြီး ဂေါပကအဖွဲ့ဝင်များက ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြကြောင်း သိရပြီး မြန်မာပြည်အရပ်ရပ်မှ ရုပ်ပွားတော်မြတ်ကြီးများ ရွှေသင်္ကန်းကပ်လှူလိုပါက အာနန္ဒာဘုရားကြီးဂေါပကအဖွဲ့သို့ တိုက်ရိုက်ဖြစ်စေ၊ ဂေါပက ဥက္ကဋ္ဌ ဦးဇော်ဝင်းချို ဖုန်း ၀၉-၂၀၄၂ ၉၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ရွှေဆိုင်းတစ်ဆိုင်းလျှင် တစ်သိန်းခွဲကျပ်ဖြင့် လှူဒါန်းနိုင် ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**

၀-၀-၀-၀-၀-၀-၀



---

## (၃၈)ဖြာ မင်္ဂလာတရားတော်ကိုအခြေခံ၍ အသိပညာပေး ဟောပြောပွဲကျင်းပ

**ဥတ္တရသီရိ ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ (၃၈)ဖြာ မင်္ဂလာတရားတော်ကို အခြေခံ၍ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တက်ရှိန်းကျေးရွာအုပ်စု၊ တက်ရှိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် ဥတ္တရသီရိမြို့နယ် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သွယ်သွယ်ခိုင်က (၃၈)ဖြာ မင်္ဂလာတရားတော်ကိုအခြေခံ၍ အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့ပြီး သိရှိနားလည်သည်ကို မေးမြန်းကာ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရေးငွေပဒေသာပင်စိုက်ထူပွဲ

ဖိုးစွံ(အောင်ပင်လယ်)



**ပြဗ္ဗာသန်**
**ကြယ်ထွန်းလို့**
**လဝန်းတဲ့သော်တာ ။**
**သည်ချိန်ကိုယုဂန်ဖျားက**
**နှစ်ပါးရောင်ခြည်ဆိုက်**
**လင်းစိုက်စို့သာ၊**
**ရန့်ငယ်ဖြာ**
**ညှာတံကင့်ဖူး၊**
**ပုန်းညက်ကယ်စိုက်ပင်မင်း**
**သင်းပျံ့ပျံ့ကြူး ။**

**'ဝါဆိုလဘွဲ့'** ကို ဖိုးသူတော်ဦးမင်းက ဤသို့ ရေးခဲ့၏။

ရှေးစာဆိုတော်ဦးယာကလည်း

**'ရိုးတံမြရွက်**
**ပုန်းညက်ရွှေကျော်**
**မွှေးပေါင်းဖျော်**
**တောင်တော်မြင့်ဖျား**
**မြင့်မိုရ်ခါးက**
**ပတ္တမြားဗိမာန်**
**ပြဗ္ဗာသန်နှင့်**
**ယုဂန္ဓိုရ်မှ**
**လှည့်သွားကြသော်.....**ဟု ဖွဲ့ဆိုခဲ့သည်။

မှန်ပါသည် 'ပုန်းညက်'တွေ လှိုင်လှိုင်ပွင့်ပြီမို့ လဝါဆိုရောက်ကြောင်း သတိပြုမိသည်။ 'ဦးယာ'က တောင်တော်မြင့်ဖျား၊ မြင့်မိုရ်ဖျားက ပတ္တမြားဗိမာန်ဟု ဖွဲ့ဆိုသည်။

ပုန်းညက်ပန်းတို့သည် မြင့်မိုရ်တောင်ခါးပမ်းတွင် ဖူးပွင့်ဝေဆာပွင့်လှိုင်ကြသည်ဟု ဆိုသည်။ မြင့်မိုရ်တောင်သည် ခါးပန်းစွန်းငါးဆင့်ရှိ၍ အဖျားရှူးကာ အလယ်ဖောင်းရစ်က ပြည့်ဖောင်းလျက်ရှိသည်။ ထိုမြင့်မိုရ်တောင်၏ ခါးပန်းငါးဆင့်ကိုပင် အာလိန်ငါးဆင့်ဟု ခေါ်ဆိုကြသည်။

အာလိန်ငါးဆင့်တွင် တစ်ဆင့်တိုင်းတစ်ဆင့်တိုင်း၌ ယူဇနာ ၅၀၀၀ မျှစီသော ထုပမာဏရှိသည်။ အောက်ခြေတွင် ရေထုအောက်၌ နစ်မြုပ်လျက်ရှိသည်။ မြင့်မိုရ်တောင်၏ အလယ်ခါးပမ်းတွင် ပုန်းညက်ပန်းတို့ပွင့်သည်။ အာလိန်ငါးဆင့်တွင် ရေအောက်ဆုံး၌ နဂါးတို့ဘုံဗိမာန်ရှိသည်။ ထို့နောက် ဂဠုန်၊ ဂုမ္ဘာန်၊ ဘီလူးရဲ့ခြိုလ်စသည်တို့နေကြသည်။

မြင့်မိုရ်တောင်၏ အပေါ်ဆုံး ပဉ္စမအာလိန်တွင် ဓဋ္ဌရဋ္ဌ၊ ဝိရူဋ္ဌက၊ ဝိရူပက၊ ကုဝေရမည်သော နတ်မင်းကြီးလေးပါးတို့ စံမြန်းရာဖြစ်သည်။ ဤကား အကျဉ်းမျှ ဖော်ပြခြင်းဖြစ်သည်။ ဖော်ပြလိုသည်မှာ ဝါဆိုလမြတ်ထူးခြားမှုကို ဆိုလိုရင်းဖြစ်သည်။

ဝါဆိုလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးမြတ်သောလဖြစ်သည်။ အထူးသဖြင့် ဝါဆိုလပြည့်နေ့သည် နေ့ထူးနေ့မြတ်များတွင် တစ်နေ့အပါအဝင်ဖြစ်သည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည့် ဘုရားအဖြစ်သို့ ရောက်ရှိကာ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိပြီးနောက် ပထမဦးဆုံးဟောကြားသည့် တရားဦး၊ တရားမြတ်ဓမ္မစကြာကို ပဉ္စဝဂ္ဂီငါးဦးအား မိဂဒါဝုန်တောအတွင်း ဟောကြားခဲ့သောနေ့မှာ ဝါဆိုလပြည့် စနေနေ့ပင်ဖြစ်သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာနေ့အဖြစ် အထူးသတ်မှတ်ကာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်တတ်ကြသည်။

ထိုမျှမကသေးပါချေ။ မြတ်စွာဘုရားရှင် ဘုရားမဖြစ်မီ အလောင်းတော်နတ်သားဖြစ်စဉ်၊ နတ်ဗြဟ္မာတို့၏ တောင်းပန်မှုကြောင့် မယ်တော်မာယာ၏ ဝမ်းကြားတိုက်၌ ပဋိသန္ဓေယူသည့်နေ့သည်လည်း ဝါဆိုလပြည့် သောကြာနေ့ပင် ဖြစ်သည်။ ထို့ပြင် မြတ်စွာဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သက်တော် ၁၆ နှစ်ရွယ်၌ ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့ပြီး ဆူဖြိုးတက်ကြွနုပျိုလှပသည့် သက်တော် ၂၉ နှစ်အရွယ်တွင် နိမိတ်ကြီးလေးပါး မြင်၍ တောထွက်တော်မူသောနေ့သည်လည်း ဝါဆိုလပြည့် တနင်္လာနေ့ဖြစ်ပေသည်။

ဤမျှမြင့်မြတ်လှသော ဓမ္မစကြာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းမှတစ်ပါး ကုသိုလ်ကောင်းမှု ဒါနမျိုးစေ့တို့ကိုချကာ ဆွမ်းနှင့်တကွသော ပစ္စည်းလေးပါး၊ ဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ သီတင်းသီလဆောက်တည်ခြင်း အထွေထွေသော ဒါနကုသိုလ်ကောင်းမှု စသည်တို့ကို ပြည့်စုံအောင် ဆောင်ရွက်လှူရှိကြသည်။

ထိုအစဉ်အလာအားဖြင့် ဘုရားစေတီ၊ ကျောင်းကန်များစွာတို့တွင် ဝါဆိုလပြည့်နေ့နှင့် ဝါဆိုလပြည့်ကျော်တစ်ရက်တို့တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ဘုရားသာသနာတော်အမျှပင် ဖြစ်ပေသည်။

ဤသို့မြင့်မြတ်လှသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို နဂါးကိုးကောင်ဆရာတော်သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒ၏ ဦးဆောင်မှုဖြင့် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သည်။

စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တောင်တန်းနှင့်နယ်စပ်ဒေသမှ ရှမ်း၊ ပအိုဝ့်၊ ပလောင်စသော တိုင်းရင်းသား ရှင်သာမဏေနှင့်သီလရှင်ဆရာလေးများအပါအဝင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်ကို ဆရာ၊ ဆရာမ ၃၀ဦးဖြင့် အခမဲ့ပညာသင်ကြားပေးလျက်ရှိရာ ကြီးမားလှသော ပညာရေးကုန်ကျစရိတ်များကို ကာမိစေရန်အတွက် ဒါယကာ၊ ဒါယိကာမများ၏ အကြံပြုချက်အရ စောမွန်လှပညာရေးဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်က စတင်ဖွဲ့စည်း၍ အလှူရှင် ဒါယကာ၊ ဒါယိကာမများဖြင့် ပညာရေးငွေပဒေသာပင် စိုက်ထူနိုင်ခဲ့သည်။

ထိုစဉ်က စောမွန်လှပညာရေးဖောင်ဒေးရှင်းကို နဂါးကိုးကောင်ဆရာတော်၏ ဦးဆောင်မှုဖြင့် နာယကကြီးများအဖြစ် ဥပဒေချုပ် ဦးရဲအောင်မြင့်(ငြိမ်း)၊ ဦးဇော်လွင်(အဏ္ဏဝါပင်လယ်စာဖြန့်ချိရေး)၊ ဦးစောလှထွန်း(ဘဏ်ရာဖြတ်အကြီးတန်းအင်ဂျင်နီယာ)တို့ကိုထားရှိကာ ဥက္ကဋ္ဌဦးကျော်ငွေ(လနတ်သား ကျောက်မျက်ကုမ္ပဏီ)၊ ဒုဥက္ကဋ္ဌ ဦးထွန်းထွန်း(ထိုင်ဝမ်အထည်ဆိုင်)၊ အတွင်းရေးမှူး ဒေါ်နုနုလှ(WHITE ROSE ကွန်ပျူတာ)၊ စာရင်းစစ် ဒေါ်ခင်သီတာထွန်း(တိုင်းအသင်းစုချုပ်မန္တလေးတက္ကသိုလ်)တို့ဖြင့် ဖွဲ့စည်းကာ မြို့နယ်တရားသူကြီး ဒေါ်ခင်အေးသစ်(ငြိမ်း)၊ စာကြည့်တိုက်အလှူရှင် ဒေါ်ဝင်းဝင်းမော်၊ ဒေါ်ခင်ဝင်းကြည်(ပြည်မြို့လျှပ်စစ်အင်ဂျင်နီယာရုံး)တို့ဖြင့် အားဖြည့်ဖွဲ့စည်းခဲ့သည်။ ယခုအခါ အနယ်နယ်အရပ်ရပ်မှ ပရဟိတအလှူရှင်များလည်း ပါဝင်လာခဲ့ကြပြီး အထူးသဖြင့် ဒေါ်စန်းစန်း(စိန်စီအောင်စက်သုံးဆီရောင်းဝယ်ရေး)၊ ဒေါ်နွယ်နွယ်ဦး(အောင်ရတနာမုန့်မျိုးစုံဈေးချို)၊ ကိုဇင်ဖြိုးဦး+ မယုယုငြိမ်း၊ ဒေါ်တင်စုစုစံ(ဆသရ)တို့လည်း အမာခံအဖြစ် အခါအခွင့်သင့်တိုင်း လာရောက်လှူဒါန်းခဲ့ကြသည်မှာ မုဒိတာပွားဖွယ် သာဓုခေါ်ဖွယ် ဖြစ်ပေသည်။

စင်စစ်အလှူဒါနပြုခြင်းသည် ပေးစွန့်ခြင်းပင် ဖြစ်လေရာ လှူဖွယ်ဝတ္ထုကို ပေးစွန့်မှသာ ဒါနမြောက်သည်မဟုတ်၊ အများကောင်းကျိုးအတွက် မိမိဘဝကို စတေးခြင်းသည်လည်း ဒါနပြုပါရမီ၌ ပါဝင်သည်ဖြစ်၏ဟု ဆရာတော်တက္ကသိုလ်တောဇာလင်းက အလှူသီချင်းသမိုင်းမှန်ကူကွက်များတွင် ရေးသားခဲ့၏။

မှန်ပါသည်။ ဝါဆိုသင်္ကန်းစသော လှူဖွယ်ဝတ္ထုလှူဒါန်းခြင်းသည်မြတ်၏။ ထို့အတူ ဆင်းရဲနွမ်းပါး၍ ပညာသင်ရန် ခက်ခဲသော ကျောင်းသား၊ ကျောင်းသူလေးများ၊ ဝေးလံခေါင်ဖျားသောဒေသမှ လာရောက်ပညာသင်သည့် ရှင်သာမဏေနှင့် သီလရှင်ဆရာလေးများအတွက် ပညာရေးပဒေသာပင်စိုက်ထူခြင်းသည်လည်း မွန်မြတ်လှသော အလှူပင်ဖြစ်သည်။

သီဟစစ်သူကြီးသည် ဘုရားရှင်ထံသွားရောက်၍ အလှူရှင်ကိုယ်တိုင် မျက်မှောက်ဘဝမှာပင် သိမြင်ရသောအကျိုးကို သိလိုစိတ်ဖြင့် မေးလျှောက်ရာ မြတ်စွာဘုရားရှင်က

(၁) **ပဟုနော ဇနဿ ပိယောဟောတိ မနာပေါ**
အလှူရှင်ကို လူအများချစ်ခြင်း၊
(၂) **ဒါနပတိ သန္တောသပ္ပုရိသာ ဘဇန္တိ**
အလှူရှင်ထံသို့ သူတော်ကောင်းတို့ ချဉ်းကပ်ခြင်း၊
(၃) **ဒါနပတိနော ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ**
အလှူရှင်၏ကောင်းသတင်းကျော်ဇောခြင်း၊
(၄) **ဒါနပတိ ယံယဒေဝ ပရိယံ ဥပသင်္ကမတိ ဝိသာရဒေါ အမင်္ကုဘူတော**
အလှူရှင်သည် ပရိသတ်သို့ ရဲဝံ့စွာ ချဉ်းကပ်နိုင်ခြင်းဟူသော အကျိုးတရားလေးပါးတို့သည် မျက်မှောက်ဘဝမှာပင် အလှူရှင်ကိုယ်တိုင်သိမြင်ရသော အလှူ၏အကျိုး ဖြစ်သည်။
(၅) **ဒါနပတိ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိ သဂ္ဂံလောကံ ဥပပဇ္ဇတိ**
သေလွန်ပြီးနောက် နတ်ပြည်သို့ရောက်ရှိခြင်းသည် တမလွန်ဘဝ၌ ရရှိသော အလှူ၏အကျိုးတည်းဟု မိန့်တော်မူသည်။



**ရွှေသော ငွေသော ဘယ်လိုပေါလဲ**
**နှမြောစုံမက်၊ မလှူရက်က**
**တစ်သက်လျာမှာ လူဖြစ်နှာ၏ ။**
**သဒ္ဒါဝမ်းတွင်း ပေးကမ်းခြင်းကား**
**ရခြင်းထက်သာ ဝမ်းမြောက်စွာတည်း**
**မင်္ဂလာမွန်မြတ် ဖြစ်သည်ရှင့် ။**

သို့ပါ၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့၌ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုအစုစုဖြစ်စေ၊ စောမွန်လှ ပညာရေးဖောင်ဒေးရှင်းအတွက် ငွေပဒေသာပင်ဖြစ်စေ၊ ပါဝင်လှူဒါန်းလိုသော ပဋ္ဌာန်းဆက်အလှူရှင်များအနေဖြင့် (၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁)ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီ ဖြစ်သည်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)တွင်တည်ရှိသော ဦးပိုင်အမှတ်(၂၁)၊ ဧရိယာဧက (၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ S.S နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ညွန့်ညွန့်ဌေး(၁၂/ဥကတ(နိုင်)၀၉၀၈၂၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၃၁)၊ ဦးပိုင်အမှတ်(၄၁၃-က)၊ အပိုင်း(၄)၊ ဧရိယာ(၀၅၀၅)ဧက ဦးထွန်းရီ (ပါ-၂) အမည်ပေါက်ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြောဆိုသူ ဦးထွန်းရီ(၉/မရတ(နိုင်)၀၀၉၃၂၄)၊ ဦးကျော်ဆန်း(၉/မရတ(နိုင်)၀၇၁၆၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းထက်ထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးထွန်းထွန်းဇော် LL.B(Q) ဒေါ်ယမင်းအေး (LL.B) ဒေါ်အေးမြတ်သူ (LL.B)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**၆၃(A)လမ်း၊ ၃၃(A)လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၁၆၇၁၄၊ ၀၉-၂၅၉၁၄၃၉၁၂၊ ၀၉-၄၀၁၆၆၈၈၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဇေရပ်ရှိ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၇၅/၅၂၃)၊ ဧရိယာ(၀ ဒသမ ၃၆)ဧက အကျယ်အဝန်းရှိ ဦးအေးရွှေ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်းရှိ အရှေ့အနောက် (၁၇)ပေ၊ တောင်မြောက် (၇၁)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်သူ ဦးအေးရွှေ(ဘ)ဦးကျော်ရှိန်(၉/အမရ(နိုင်)၀၁၄၆၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအနောက်ဘက်ခြမ်း ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်စန်းမောင် (LL.B) ဒေါ်မွန်မွန်လှိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၅၁လမ်း၊ ၁၁၇လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၂၉)နေ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးစိုးသိန်း(၉/မနတ(နိုင်)၀၉၀၄၂၄) နှင့် ဒေါ်ဝင်းဝင်းခိုင်(၉/မရတ(နိုင်)၁၀၂၀၁၀)တို့၏ သားဖြစ်သူ မောင်ဟန်ငြိမ်းအောင်(၉/မဟမ(နိုင်)၀၈၁၂၆၉)သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့် ဆင်းသွားသူ သားဖြစ်သူ မောင်ဟန်ငြိမ်းအောင်အား အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်နှင်းခိုင် (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၅၃၅၀၁)**

**စ၆လမ်း၊ ၄၁(I)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၆၅၂၀၄၃၁**

## ‘ရွှေထွန်း’ ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၇၃(အေ)လမ်း၊ ၇လမ်းနေ ဒေါ်ခင်ဒါလီထွန်း(ဘ)ဦးလှထွန်း(၉/အမဇ(နိုင်)၀၁၅၄၄၉)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

‘ရွှေထွန်း’

စာချုပ်အမှတ်-၂၂၇၇/၂၀၂၄

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခင်ဒါလီထွန်း** သည် အထက်ဖော်ပြပါ **‘ရွှေထွန်း’** တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၂၂၇၇/၂၀၂၄ အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခင်ဒါလီထွန်း** ပိုင် **‘ရွှေထွန်း’** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ **(မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး)**တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဒေါ်ခင်ဒါလီထွန်း** ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## "ROYAL BEAUTY LAND" အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၃လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ အမှတ်(၃)ရှိ **"ROYAL BEAUTY LAND COMPANY LIMITED"** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**"ROYAL BEAUTY LAND "**

စာချုပ်အမှတ်-၂၀၉၁/၂၀၂၄

ကျွန်ုပ်၏မိတ်ဆွေ **"ROYAL BEAUTY LAND COMPANY LIMITED"** သည် အထက်ဖော်ပြပါ **"ROYAL BEAUTY LAND"** အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၂၀၉၁/၂၀၂၄ အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တင်သွင်းထုတ်လုပ်၍ (Aesthetics Clinic နှင့် အလှအပပြုပြင်ရေးဆိုင်ရာသင်တန်း)ထည့်သွင်းထားသော ထုတ်ပိုးပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **"ROYAL BEAUTY LAND COMPANY LIMITED"** ပိုင် အမည်အမှတ်တံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ (Aesthetics Clinic နှင့် အလှအပ ပြုပြင်ရေးဆိုင်ရာသင်တန်း)ထည့်သွင်းထားသော ထုတ်ပိုးပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် ရိုက်နှိပ်၊ ကပ်နှိပ်၊ ပုံနှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **"ROYAL BEAUTY LAND COMPANY LIMITED"** ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၂)၊ ဦးပိုင်အမှတ်(၁၆-က)၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးမြင့်(ဘ)ဦးမြင့်အောင်(MTA-၁၆၈၇၅၄) အမည်ဖြင့် ချထားရရှိသော မြေကွက်၏မြောက်ဘက်ခြမ်း (၁၄ပေ×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူများဖြစ်သော ဦးမြင့်ကို၏ သား၊ သမီးများဖြစ်သည့် ၁။ဒေါ်သက်သက်ဝင်း(၉/ပကခ(နိုင်)၀၀၂၃၉၄)၊ ၂။ဒေါ်ချိုချိုသက်(၉/ပကခ(နိုင်)၀၅၀၇၀၇)၊ ၃။ဒေါ်ထက်ထက်(၉/ပကခ(နိုင်)၀၁၀၉၃၇)၊ ၄။ဦးရင်အောင်(၉/ပကခ(နိုင်)၀၁၀၉၃၈)၊ ၅။ဒေါ်ပြည့်ပြည့်ဝင်း(၉/ပကခ(နိုင်)၀၃၁၄၇၃)၊ ၆။ဦးမျိုးမင်းသူ(၉/ပကခ(နိုင်)၀၅၈၀၈၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**(တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း၊ ဒေါ်စီစီစိန်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်အမှတ်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း(၆၀-C)၊ ဖိုးရာဇာလမ်းနှင့် ဧဝရတ်လမ်းကြားတွင် နေထိုင်သူဒေါ်ဟူကောင်းလှ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၄)၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်းလွင် အမည်ပေါက်ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဆန်းထွန်းရွှေမှ ပိုင်ဆိုင်ပြီး ၎င်းမှာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ဟူကောင်းလှမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူ ဦးဆန်းထွန်းရွှေအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို မြေနှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်မာထွန်း(LL.B)(D.B.L)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၂၆)**

**(၇၆)လမ်း၊ အကွက်(၅၂)၊ အိုးဘိုရွှေကျောင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၅၆၇၈၆၈၀၃၊ ၀၉-၄၃၁၄၁၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၇)၊ ဦးပိုင်အမှတ်(၅၆+၇၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းစီရှိ မြေကွက်များသည် ဒေါ်ခင်မေအေး(၁၄/ပသန(နိုင်)၀၅၆၄၇၁) အမည်ပေါက်ဂရန်မြေကွက်များ ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်စုစုယဉ်(၉/ပကခ(ဧည့်)၀၀၀၀၀၅)ထံမှ ကျွန်တော် ဦးဝင်းဇော်က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဇော် (၁၃/နစတ(ပြု)၀၀၀၀၀၃)**

**ဒဒ-၄၅/ ၂၂၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၀၁၆၆၁၀၉၊ ၀၉-၂၆၁၆၂၆၃၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၄၉၃)ရွာမြေအတွင်းမှ အရှေ့အနောက် (ပေ၃၀)၊ တောင်မြောက်(၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်အေးမော်(ဘ)ဦးစံအောင်(၉/ပသက(နိုင်)၀၉၂၂၂၆) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါ၍ စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ရုံးအသီးသီး၌ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် နေ့ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဒေါ်စာနည်အောင်(LL.B)**

**ဒေါ်သန်းသန်းဝင်း(LL.B)　　ဒေါ်အေးသီတာအောင်(LL.M)**

**တရားလွှတ်တော်ရှေ့နေများ**

**နန်းဦးလွင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ➤ ၀၉-၉၇၅၆၆၀၂၂၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၈)၊ ဦးပိုင်အမှတ်(၇၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ဦးစိုင်းပန်းအောင်(ဘ)ဦးကျန်ဆိုင်(၉/မရမ(နိုင်)၀၇၈၉၂၆)နှင့် ဒေါ်ချွန်းလီ(ခ)မြင့်မြင့်သိန်း(ဘ)ဦးရင်ကျူဆန်း(၉/မရမ(နိုင်)၀၇၀၇၂၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မှူးမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၂)၊ ဦးပိုင်နံပါတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ တပ်သား လှကျော် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအေး(ဘ)ဦးဇော်ဝင်း(၉/ခမစ(နိုင်)၀၃၁၅၀၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-　ဦးတင်အောင်မိုး (LL.B, LL.M)　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ဦးပိုင်နံပါတ်(၁၇)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှအေး(ဘ)ဦးခကြီး(၉/တသန(နိုင်)၀၀၃၂၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-　ဦးတင်အောင်မိုး (LL.B, LL.M)　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　တရားလွှတ်တော်ရှေ့နေ**

| | | | |
|---|---|---|---|
| **ဒေါ်အေးစုထွန်း (LL.M)** | **ဦးကြည်ယံ (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမိုမိုထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁**

## မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲရေကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၄၉၁-က)၊ ကျွဲရေကုန်းအနောက်၊ ဦးပိုင်အမှတ်(၄၇/၄)၊ ဧရိယာ(၁ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိသော ဒေါ်နန်းခင်သိန်းနွယ် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် အပါအဝင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂-၄-၂၀၂၄)ရက်စွဲပါ ပုသိမ်ကြီးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၇/၂၀၂၄)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်မင်းထွန်း(ဘ)ဦးကျော်တင့်(၉/မနမ(နိုင်)၁၀၉၃၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်...

❖ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့်ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်

နေပြည်တော် ဇူလိုင် ၁၁

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2)၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် တတိယလုပွဲစဉ် ထွက်ပေါ်




၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဗိုလ်လုပွဲစဉ်နှင့် တတိယလုပွဲစဉ် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ကနေဒါအသင်းနှင့် ဥရုဂွေးအသင်းက လာမည့် ဇူလိုင် ၁၄ရက် မြန်မာစံတော်ချိန် နံနက် ၆နာရီ ၃၀မိနစ်အချိန်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနှင့် ကိုလံဘီယာအသင်းက လာမည့် ဇူလိုင် ၁၅ရက် နံနက် ၆နာရီ ၃၀မိနစ်အချိန်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးရန် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းက ရေပန်းအစားဆုံးအဖြစ် ရပ်တည်လျက်ရှိသည်။

နိုင်ကမ္ဘာ